ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (20-1-2012)(၇၀၁၀)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. R.K. Singh နှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H .E. Mr. R.K. Singh နှင့်အဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S. Seshadri တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

အင်္ဂါဂြိုဟ်မှ လွင့်စဉ်ကျလာခဲ့သောဥက္ကာခဲ မော်ရိုကိုနိုင်ငံပေါ်သို့ ရောက်ရှိလာခဲ့

ဘာသာပြန်
စံစံ

ရာဘက် ဇန်နဝါရီ ၁၉

မော်ရိုကိုနိုင်ငံ၌ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ရသော ဥက္ကာခဲသည် အင်္ဂါဂြိုဟ်ပေါ်မှ လွင့်စဉ်ပဲ့ကျလာခဲ့သော အရာဝတ္ထုတစ်ခုဖြစ်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၉ ရက်တွင် အတည်ပြုပြောကြားကြသည်။

လွန်ခဲ့သည့် ဇူလိုင်လက ဥက္ကာခဲများ ကမ္ဘာမြေပြင်ပေါ်သို့ ဆင့်ကဲကျရောက်မှု ဖြစ်စဉ်တစ်ရပ်တွင် အလေးချိန် ၁၅ ပေါင်ရှိ ဥက္ကာခဲတစ်ခဲသည် မော်ရိုကိုနိုင်ငံ စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖



မော်ရိုကိုနိုင်ငံပေါ်သို့ လွင့်စဉ်ကျလာသော အင်္ဂါဂြိုဟ်မှ ဥက္ကာခဲကို တွေ့ရစဉ်။

သတင်းဆောင်းပါး အညွှန်း

“တချို့က အခြားရွာကနေ ရွှေအင်ကြင်းရပ်ကွက်မှာ နေရာချထားပေးတာတောင်မှ အဲဒီမြေကွက်ကိုရောင်းပြီး ဒီရွာမှာ မြေလာဝယ်ပြီး နေကြတယ်”

အမှန်တကယ်ရထိုက်ခွင့်ရှိသူတွေ နစ်နာဆုံးရှုံးမှုမရှိစေဖို့ စနစ်တကျစီမံဆောင်ရွက်ပေးနေ

မောင်မောင်မျိုး(ပဲခူး)၏ သတင်းဆောင်းပါး စာမျက်နှာ - ၆

ကြေးမုံစာတည်းရှုထောင့်

၂၀-၁-၂၀၁၂ [သောကြာနေ့]။

ပန်းသီကြိုးအသွင် အလှဆင်

"ပန်းကလေးများ ပွင့်တော့မည် ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း" နေခြည်လင်းလက် ကျောင်းဖွင့်ရက်နေ့တစ်နေ့၏ နိဒါန်းကို သူငယ်တန်းကလေးငယ်များ၏ ကဗျာရွတ်ဆိုသံဖြင့် ဖွင့်လှစ်လိုက်သည်။ ကျောင်းနေအရွယ် ကလေးသူငယ်များအား လမ်းပြရှေ့ဆောင်ပျိုးထောင်ပေးရာ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်လာကြရာ **"စာ"**သည် ပညာသင်ယူမှုအတွက် အထောက်အကူဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၊ လူသားတစ်ဦးချင်းအနေဖြင့် ပညာကိုမဏ္ဍိုင်ပြုနေကြပေပြီ။ ယနေ့ပညာရေးစနစ်၏အခြေခံမှာ မူလတန်းပညာဖြစ်ရာ ကျောင်းသားဗဟိုပြု သင်ကြားမှုနည်းစနစ်ဖြင့် ထုဆစ်ပုံဖော် သင်ကြားနေကြပြီ။ စံပယ်ရုံကြီးတစ်ရုံမှ ပန်းပွင့်ကလေးများကို ဆရာ၊ ဆရာမများက စေတနာ၊ ဝါသနာ၊ အနစ်နာပန်းသီကြိုးတွင် အလှဆင်၍ သီကုံးပေးနေကြခြင်းဖြစ်သည်။

မူလတန်းပညာ အခြေခံဘောင်ကို မြှင့်တင်ရာတွင် ဆရာများ၏ သင်ကြားမှုအရည်အသွေး၊ သင်ထောက်ကူပစ္စည်းများသာမက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ ဝါသနာ၊ စာနာ၊ အနစ်နာဟူသည့် ဆရာကောင်းတို့ ထားအပ်သောလက္ခဏာကောင်းများနှင့်အညီ အားထုတ်နေကြပေပြီ။ ဆရာများ၏ မေတ္တာပိုးကြိုးများဖြင့် သီကုံးရာတွင် ကလေးငယ်များ၊ ပညာပြည့်ဝ နှလုံးလှရုံသာမက ချစ်ကြည်ခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ စာနာစိတ်ထားခြင်း အနှစ်သာရများ ပြည့်စုံနေစေရန် ရည်မှန်းချက်ထားရှိကြသည်။ စေတနာရှေ့ထား ကြိုးစားအားထုတ်မှုများ၏ အကျိုးရလဒ်သည် အောင်မြင်မှုများသာ ဖြစ်လာပေမည်။

နိုင်ငံ၏ ခေတ်သစ် စနစ်သစ် ဖြစ်ထွန်းလာချိန်တွင် ပညာရေးတိုးတက်လာမှုနှင့်အတူ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်မြင့်မားရေးတို့လည်း တစ်ပါတည်း တိုးတက်ဖြစ်ထွန်းလာရန် လိုအပ်ပေသည်။ အဆိုပါ ဖူးတံဝင့်ချီ ပွင့်အန်တော့မည့် ကျောင်းနေစ အရွယ်ကလေးများ၏ ညီညာဖြိုဖြိုး ရွတ်ဆိုဟန်ကဲ့သို့ လူမှုဘဝ နယ်ပယ်အသီးသီးတွင်လည်း ညီညာဖြိုဖြိုးလုပ်ဆောင်ရမည့် အချိန်အခါသမယသို့ ကျရောက်လာပြီဖြစ်ပါသည်။

ခေတ်သစ် စနစ်သစ်ဖြင့် နိုင်ငံသစ်တည်ဆောက်ရာတွင် ပန်းသီကြိုးအသွင် အလှဆင်နိုင်ရန်အတွက် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် တည်ဆောက်၍မရ။ ပြည်သူတိုင်းက သက်ဆိုင်ရာကဏ္ဍအလိုက် ကိုယ်စီကိုယ်င ပါဝင်သယ်ပိုးကြရပါမည်။ ပန်းသီကြိုးအသွင်ပမာ လှလှပပသီကုံးကြရပါမည်။ စီးပွားရေးပန်းများ၊ လူမှုရေးပန်းများ၊ ပညာရေးပန်းများ ဖွံ့ဖွံ့ထွားထွား သီကုံးကြရပါမည်။

ယနေ့ ညီညွတ်သောရောင်ခြည် လင်းလက်ထွန်းပနေသည်ကို တွေ့မြင်နေရသည်။ အားလုံးညီညီညွတ်ညွတ် လက်တွဲညီဖို့ စိုင်းပြင်းနေကြသည်။ အားလုံးညီညီညွတ်ညွတ် တွဲသီကြဖို့ တောင်းဆုခြွေပါသည်။ စံပယ်ပန်းပွင့်လေးများကို အလှဆင်သီကုံးသကဲ့သို့ နေခြည်မှာ ရွှေရည်လက်သည့် မြန်မာတို့နိုင်ငံသစ်သည် ရောင်ခြည်လင်းလက်လို့ လာပြီကို ရှေ့တွင် မြင်တွေ့နေရပြီ ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၈။ အိုင်စီတီသုတ
၄း၅၅ ၉။ သတိနှင့်တိုးမည့်ဖလံပိုးများ
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ 'ရွှာ'ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၈)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၇)**

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. R. K. Singh ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ယခုကျင်းပသည့် နိုင်ငံတော်အဆင့်အစည်းအဝေး၌ ဆွေးနွေးညှိနှိုင်းရမည့် သဘောတူညီချက်များ၏ ရလဒ်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်သဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေမည်ဟု အလေးအနက်ယုံကြည်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး Mr.R.K. Singh က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးအတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာရေးထိုးရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဒုတိယဝန်ကြီး Mr. R.K. Singhတို့က အစည်းအဝေးရလဒ်များအပေါ် သုံးသပ်ဆွေးနွေးပြောကြားခဲ့ကြသည်။

ယနေ့ ကျင်းပသည့် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးများကို ၁၉၉၄ ခုနှစ်မှစပြီး အပြန်အလှန်ကျင်းပခဲ့ကာ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှစ်ဖက်ယုံကြည်နားလည်မှု အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ကြည်ညိုကြပြီး ကျောက်မျက်ရတနာပြတိုက် ၊ Junction Centre နှင့် Capital Hyper Market တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးကို နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးကုန်စည်ဈေးနှုန်း

(၁၉-၁-၂၀၁၂)

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၁၅၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၁၃၅၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၄၂၀၀၀

ဆန်ဈေး
(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၁၈၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀
ငစိန်	၁၂၅၀၀/၁၃၀၀၀
ဧရာမင်း(ဟောင်း)	၁၅၀၀၀/၁၆၀၀၀
သုခ-မတ္တရာ	၁၂၅၀၀/၁၃၀၀၀
ရွှေသွယ်	၁၁၅၀၀/၁၂၀၀၀

ဆီဈေး

ပဲဆီ	၃၁၀၀/၃၅၀၀
နှမ်းဆီ	၂၄၀၀/၂၄၅၀
ပန်းနှမ်းဆီ	၂၅၀၀/၂၅၅၀
နေကြာဆီ	၂၄၅၀/၂၆၀၀
မုန်ညင်းဆီ	၂၇၀၀/၂၇၀၀
ပဲပုပ်ဆီ	၁၉၀၀/၁၉၅၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၁၈၂၀/၁၈၃၀
ကြက်ဆူဆီ	၃၀၀၀

သကြားဒိုင်ဈေးနှုန်း

ခါသကြား	၅၈၀/၅၉၀
ပွတ်သား	၄၅၀/၄၆၀/၄၇၀
ခါရေ	၂၉၀/၃၀၀
ပေါင်းရေ	၂၃၀/၂၅၀/၂၆၅

ပေါင်းသကြားစက်ရုံဈေး

ထိပ်စA	၈၈၀
လတ်စB	၈၇၀
အောက်C	၈၆၀

စက်သုံးဆီ

ရေနံစိမ်း(တစ်စည်)	၁၁၁ ဒသမ ၅၆ ဒေါ်လာ
ဓာတ်ဆီ(တစ်ဂါလန်)	၃၅၀၀/၃၈၀၀
ဒီဇယ်ဆီ(တစ်ဂါလန်)	၃၂၀၀/၃၆၀၀

(၀၀၂)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၆၀၄၂	၀. ၀၃၁၆၄
တရုတ် (ယွမ်)	၆. ၃၁၆၀၀	၀. ၁၅၈၃၃
အိန္ဒိယ (ရူပီး)	၅၀. ၂၃၇၅	၀. ၀၁၉၉၁
မလေးရှား (ရင်းဂစ်)	၃. ၁၀၆၈၈	၀. ၃၂၁၈၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၃၆၀	၀. ၇၈၅၁၈
ဂျပန် (ယန်း)	၇၆. ၈၃၂၀	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၁၃၆. ၅၀	၀. ၀၀၀၈၈
ယူရို	၀. ၇၇၄၉၈	၁. ၂၉၀၃၅
ဗြိတိသျှ (ပေါင်)	၀. ၆၄၇၃၈	၁. ၅၄၄၆၉

အင်တာနက်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဖြိုးစေတနာ(အခမဲ့)ဆေးခန်းသို့ ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ထွန်းလင်းလမ်းနေ မိခင်ကြီး ဒေါ်တင်တင်လှ၏ (၇၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းဖိုးရှိ ဆေးဝါးများကို လှူဒါန်းရာ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဘရွှေ လက်ခံစဉ်။ (ကြေးမုံ)

မော်တော်ယာဉ်ပြပွဲ၌ အများကြိုက်ပြကွက်များပါ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသသည့် ကားပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စတင်ခင်းကျင်းပြသလျက်ရှိသည်။

ပြခန်းတွင် မော်တော်ယာဉ်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ပြကွက်မှာ တရုတ်နိုင်ငံ SUZUKI ကုမ္ပဏီနှင့် CHANGHE ကုမ္ပဏီတို့ ဖက်စပ်ထုတ်လုပ်ထားသည့် Pickup အမျိုးအစား မော်ဒယ် DA -465QE -1A ပြခန်းဖြစ်သည်။ ဓာတ်ဆီအင်ဂျင်ဖြစ်ပြီး အင်ဂျင်ပါဝါ 1.1 လီတာနှုန်းဖြင့် တစ်ဂါလန်မိုင် ၃၀ မောင်းနိုင်ပြီး Aricon, Radio ပါဝင်၍ ငွေကျပ် ၉၈ သိန်းတန်ဖိုးရှိရာ အဖိုးနည်းဝန်ပါ ဈေးချိုချိုကြိုက်သူ ယာဉ်ဝယ်မည့်သူများအတွက် စိတ်ဝင်စားဖွယ်ပြကွက်ဖြစ်သည်။

ထို့ပြင် ကားတာယာပြကွက်၌ မျက်နှာပြင် ပန်းသားကုန်အောင် မောင်းနှင်ပြီး စတီး၊ နိုင်လွန်တာယာများကို စွန့်ပစ်မည့်အစား တာယာကြိုးပေါ်လာသည်အထိ အသုံးမပြုဘဲ အသစ်နှင့်အလားတူ ပြန်လည်မောင်းနှင်နိုင်သည့် အစီအစဉ်များလည်း တွေ့ရသည်။ Supercool ပန်းသားများသည် ပုံမှန်တာယာများထက် အပူချိန်မြင့်တက်မှုတွင် ၄၀ ရာခိုင်နှုန်း လျော့နည်းသောကြောင့် ရာသီမရွေးအသုံးပြုနိုင်သည်။ ထို့ပြင် တာယာများကို လေးကြိမ်၊ ငါးကြိမ်အထိ ပန်းသားအသစ်တင်၍မောင်းနှင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

မိမိနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင် အလွန်အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် မိမိတို့၏ လုပ်ငန်းတာဝန်ကို လေးစားဂုဏ်ယူစွာ စေတနာထားလုပ်ဆောင်သွားကြရန် လိုအပ်

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဌာနအသီးသီးအတွက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ရှေးဟောင်းသုတေသန၊ ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြုပြင်ရန်လိုအပ်သည့် ရှေးဟောင်းအမွေအနှစ်များအားလုံးကို ၂၀၁၂-၂၀၁၅ နှစ်ကာလအတွင်း အခြေခံပြင်ဆင်မှုများ ပြီးစီးအောင် ပြုပြင်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်ရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြုပြင်ခြင်းလုပ်ငန်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်း၊ ထိန်းသိမ်းပြသခြင်းလုပ်ငန်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ဆောင်ရွက်ရန်၊ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်းနည်းဖြင့်သာ ဦးစားပေး ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများသည် မိမိနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် မိမိတို့၏ လုပ်ငန်းတာဝန်ကို လေးစားဂုဏ်ယူစွာ စေတနာထား လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းမှာကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ၁-၄-၂၀၁၁ ရက်မှ ၃၁-၁၂-၂၀၁၁ ရက်အထိ ကိုးလတာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်

စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပုဂံဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ မန္တလေးဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ စစ်တွေဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် ပဲခူး၊ တောင်ကြီး၊ မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံဌာနခွဲများမှ တာဝန်ရှိသူများက မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်နှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ပါမောက္ခချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ကောင်းကင်ဓာတ်အားလိုင်းဌာန၊ စီမံရေးရာဌာနနှင့် ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနတို့မှ စာတမ်းရှင်များက ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၈။ "မနောမြေအလှမှတ်တမ်း တစ်စိတ်တစ်ဒေသ"
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ "ရတနာစုံညီနေပြည်တော်ဆီ"
၄း၃၅ ၄။ အကပြိုင်ပွဲ
၄း၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၅၀ ၆။ "နေပြည်တော်ရေပန်းဥယျာဉ်" (တိုးချဲ့)
၄း၅၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၁၀။ တေးဂီတအစီအစဉ်
၅း၄၅ ၁၁။ "စုစည်းခံစားကမ္ဘာ့အားကစား"
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၅)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လျှပ်တစ်ပြက်ဟာသများ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၇)**
၂၁။ သီချင်းချစ်သူ (သီရိဆွေ)
၂၂။ အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ တားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

သိန်းနီ ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်မြောက်ပိုင်း သိန်းနီမြို့နယ် အောင်မင်္ဂလာခန်းမ၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ တားဆီးနှိမ်နင်းရေးလုပ်ငန်း အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်**(ယာပုံ)** က အမှာစကားပြောကြားခဲ့ပြီး လားရှိုး မူးယစ်အထူးအဖွဲ့မှ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများခေါင်းစဉ်၊ သိန်းနီမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယဉ်မောင်ဆွေက ပြစ်မှုဆိုင်ရာ မှုခင်းကျဆင်းရေးကိစ္စရပ်များခေါင်းစဉ်နှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ တာဝန်ခံအရာရှိ ရဲအုပ်မင်းခိုင်က လူကုန်ကူးမှုဆိုင်ရာ ပြဿနာများနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများခေါင်းစဉ်ကို Power Point သုံး၍ အသီးသီးဟောပြောခဲ့ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများအား ခေါင်းစဉ်အလိုက် ခင်းကျင်းပြသထားရှိမှုကို အခမ်းအနားတက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ရာ တာဝန်ရှိသူများမှ ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

❖ **ရွှေ့ဖုံးမှ**

ပေါ်သို့ ကျရောက်ခဲ့ကြောင်း အမေရိကန်အာကာသအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်အချို့အပါအဝင် နိုင်ငံတကာမှ သိပ္ပံပညာရှင်များပါဝင်သော အထူးကော်မတီတစ်ရပ်က ပြောကြားသည်။

သိပ္ပံပညာရှင်များအဖွဲ့သည် အာဖရိကမြောက်ပိုင်းရှိ မော်ရိုကိုနိုင်ငံ၌ တွေ့ရှိရသော ဥက္ကာခဲကို ဓာတုဗေဒနည်းအရ စူးစမ်းလေ့လာခဲ့ကြသည်။

ကမ္ဘာ့သမိုင်းတွင် အင်္ဂါဂြိုဟ်မှ ကျရောက်လာသော ဥက္ကာခဲများကို အတည်ပြုနိုင်ခြင်းမှာ ပဉ္စမအကြိမ်ဖြစ်သည်။ မော်ရိုကိုနိုင်ငံပေါ်သို့ ဥက္ကာခဲ ကြွေကျမှုကို ပြည်သူများကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ကြရသည်။

အဆိုပါ ဥက္ကာခဲကို လွန်ခဲ့သည့် ခြောက်လက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သိပ္ပံပညာရှင်များက စူးစမ်းလေ့လာခဲ့ကြသည်။

အင်္ဂါဂြိုဟ်မှ အစိတ်အပိုင်းများ ကမ္ဘာမြေပြင်ပေါ်သို့ ကြွေကျမြေခသည့် ဖြစ်ရပ်မှာ ကြုံတောင့်ကြုံခဲဖြစ်စဉ်နှင့် ထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်ရန် အနာဂတ်သိပ္ပံစီမံကိန်းများအတွက် စူးစမ်းလေ့လာရာ၌ ဥက္ကာခဲများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များအဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

ထူးခြားသည့် ညအပူချိန်များ

(၁၉-၁-၂၀၁၂)

လွိုင်လင်
သုည ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၂ ဒီဂရီစင်တီဂရိတ်
လားရှိုး
၃ ဒီဂရီစင်တီဂရိတ်


အီရန်နိုင်ငံရှိ အဏုမြူဓာတ်အားပေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။

အီရန်ရှိပစ်မှတ်များကို လက်ဦးမှုယူကာ တိုက်ခိုက်မည်မဟုတ်ဟု အစ္စရေးပြောဆို

ဂျေရုဆလင် ဇန်နဝါရီ ၁၉

အီရန်နိုင်ငံရှိ ပစ်မှတ်များကို စစ်ရေးအရ လက်ဦးမှုရယူကာ တိုက်ခိုက်မည့် မည်ကဲ့သို့သော ဆုံးဖြတ်ချက်မျိုးကိုမဆို ချမှတ်ထားခြင်းမရှိကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ယင်းနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအကြား တင်းမာမှုများ ပေါ်ပေါက်နေချိန်တွင် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့်ဖြစ်ပေါ်နေသော နျူကလီးယားပြဿနာနှင့် ပတ်သက်၍ စစ်ရေးအရထိပ်တိုက်တွေ့မှု အခြေအနေမှာ မဝေးသော အနာဂတ်တွင် ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အနောက်အုပ်စုနိုင်ငံများသည် အီရန်နိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်မှုပြုလုပ်ကြရန် အမေရိကန်နိုင်ငံက ဦးဆောင်၍ တိုက်တွန်းခဲ့ရာ တင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။

အင်တာနက်။

နေတိုးလောင်စာဆီများကို ပါကစ္စတန် ဖမ်းဆီး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်အနီး ဘလိုချစ္စတန်ပြည်နယ်၊ ချာမန်နယ်စပ်ဒေသတွင် ကြာသပတေးနေ့က နယ်စပ်ကိုကျော်ဖြတ်ရန် ကြိုးစားနေကြသည့် လောင်စာဆီ စည် ၃၀၀ ခန့် သယ်ဆောင်လာကြသော ထရပ်ကားတန်းကြီးကို လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ပရက်(စ်)တီဗွီက ဖော်ပြသည်။

ဖမ်းဆီးထိန်းသိမ်း

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ထံ ပေးပို့မည့် ထရပ်ကား ၁၂စီးမှ လောင်စာဆီ စည်များကို သိမ်းယူပြီးနောက် ယင်းကားများမှ မောင်းသူနှင့် ယာဉ်နောက်လိုက် ၂၆ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်ရန်အတွက် အမည်မသိအရပ်သို့ ၎င်းဖမ်းဆီးထားသူများကို ရွှေ့ပြောင်းပေးအပ်ခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များအတွက် ကုန်ပစ္စည်းများ တင်ဆောင်လာသည်ဟု မသင်္ကာရသဖြင့် ပါကစ္စတန်နိုင်ငံအားဖြတ်သန်းသည့် အာဖဂန်သွင်းကုန်-ကုန်သေတ္တာတင်ကားများကိုလည်း တားဆီးထားခဲ့သည်။

၂၀၁၁ခုနှစ် နိုဝင်ဘာ ၂၆ ရက်၌ မိုမန်ဒေသရှိ စစ်ဆေးရေးစခန်းကို နေတိုးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ဦးသေဆုံးပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးလမ်းကြောင်းများကို ပါကစ္စတန်အစိုးရက ပိတ်ထားခဲ့သည်။

အင်တာနက်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်သော လောင်စာဆီတင် ကားများကို တွေ့ရစဉ်။

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေး ကမ္ဘောဒီးယားနှင့် အမေရိကန် ပူးပေါင်းဆောင်ရွက်

ဖနောင်ပင် ဇန်နဝါရီ ၁၉

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးလုပ်ငန်းတွင် ကမ္ဘောဒီးယား အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမေရိကန်အစိုးရက လေးနှစ်သက်တမ်းရှိ အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း မြို့တော်ဖနောင်ပင်ရှိ အမေရိကန်သံရုံးက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အလုပ်သမားများအဖြစ် ပြည်ပသို့ လူမှောင်ခိုတင်ပို့ခြင်းနှင့် ၎င်းတို့အပေါ်မှ အမြတ်ထုတ်သွေးစုပ်ခြင်းတို့နှင့် ပတ်သက်၍ တားဆီးကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် တရားစွဲဆိုခြင်းတို့ ပြုလုပ်ရာတွင် အမေရိကန်နှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် အစီအစဉ်အတွက် အမေရိကန်အစိုးရက ဒေါ်လာ ၅ ဒသမ ၄ သန်း ကျခံသုံးစွဲသွားမည်ဖြစ်သည်။

လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းသည် ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ ထိပ်တန်း ဦးစားပေးလုပ်ငန်း တစ်ရပ်ဖြစ်သည်။ *ဆင်ဟွာ။*

တရုတ်နိုင်ငံ၌ အင်တာနက်သုံးစွဲသူဦးရေ လွန်ခဲ့သည့်နှစ်တွင် ၅၁၃ သန်းအထိရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၁၉

တရုတ်နိုင်ငံ၌ အင်တာနက် အသုံးပြုသူဦးရေသည် လွန်ခဲ့သည့်နှစ်ကထက် ၅၆သန်း ပိုမိုတိုးလာခဲ့ပြီး ၅၁၃သန်းအထိ ရောက်ရှိလာခဲ့ကြောင်း အစိုးရက နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက် သုံးစွဲသူဦးရေ အများဆုံးရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်က ရှိခဲ့သော အလားတူဦးရေနှင့် နှိုင်းယှဉ်ပါက ၁၂ဒသမ ၂ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း တရုတ်နိုင်ငံ အင်တာနက်ကွန်ရက် သတင်းအချက်အလက်ဗဟိုဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

လူဦးရေ ၁ဒသမ ၃ဘီလီယံရှိသော တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေ အဆမတန် များပြားလာလျက်ရှိသည်။ တရုတ်လူငယ်များအတွင်း အင်တာနက်၏ လူမှုဆက်သွယ်ရေးကွန်ရက်နှင့် သက်ဆိုင်နေသော ဝက်ဘ်ဆိုက်များကို ပိုမိုအသုံးပြုလာကြသည်။ အတိမ်းအစောင်းမခံသည့် နိုင်ငံရေးကိစ္စရပ်များတွင် အစိုးရက အင်တာနက်ဆင်ဆာ ပြုလုပ်မှုရှိသည်။

တရုတ်နိုင်ငံရှိ ကျေးလက်ပြည်သူများအတွင်း လွန်ခဲ့သည့်နှစ်က အင်တာနက်သုံးစွဲသူဦးရေ တိုးတက်လာခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ကျေးလက်ဒေသများ၌ အင်တာနက်သုံးစွဲမှုသည်လွန်ခဲ့သည့်နှစ်က ၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ကာ ၁၃၆သန်းအထိ ရောက်ရှိလာခဲ့သည်။

အင်တာနက်။

ခွေးများကို ရက်စက်စွာ ရိုက်နှက်သတ်ဖြတ်မှု ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ အာဏာပိုင်များပိတ်ပင်

ဒါကာ ဇန်နဝါရီ ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခွေးရူးရောဂါဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ခွေးများကို သေဆုံးသည်အထိ ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်နေသည်ဆိုသော တိုင်တန်းချက်များ ပေါ်ထွက်လာပြီးနောက် ယင်းကဲ့သို့ လုပ်ဆောင်ခြင်းမပြုကြရန် မြို့တော် အာဏာပိုင်များက ပြည်သူများအား ပိတ်ပင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ဒါကာ အာဏာပိုင်များသည် မြို့တော်နေ ပြည်သူများအား ခွေးရူးရောဂါဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် ယခင်က စီမံချက်ရေးဆွဲ၍ ခွေးများကို သုတ်သင်ရှင်းလင်းစေခဲ့သည်။

ခွေးများကို သေဆုံးသည်အထိ ရိုက်နှက်ကာသတ်ဖြတ်ခြင်းသည် လူမဆန်သည့်လုပ်ရပ်ဖြစ်ပြီး ထိရောက်ကောင်းမွန်သော နည်းလမ်းတစ်ရပ်မဟုတ်ကြောင်း ဒေသန္တရအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးဖြစ်သူ အဘူအလစ်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နှစ်စဉ်လူပေါင်း ၂၀၀၀ ခန့်မှာ ခွေးရူးရောဂါဖြင့် သေဆုံးရလေ့ရှိသည်။ *အင်တာနက်*

ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အနံ့ခံခွေးများနှင့်အတူ တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် ဆီးနှင်းမြူများ ထူထပ်စွာကျရောက် လေယာဉ်ခရီးစဉ် ၂၀၀ ကြန့်ကြာမှုနှင့် ရင်ဆိုင်နေရ

နယူးဒေလီ ဇန်နဝါရီ ၁၉

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းအထိ ဆီးနှင်းမြူများ သိပ်သည်းစွာ ကျရောက်နေသဖြင့် လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များအတွက် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ လေကြောင်းပျံသန်းမှုခရီးစဉ် ၂၀၀ ကျော်ကို ဆိုင်းငံ့ထားရပြီး ခရီးစဉ် ၁၁ခုကို ဖျက်သိမ်းလိုက်ရကြောင်း အင်ဒီယာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြို့ပြလေကြောင်းထိန်းသိမ်းရေးတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဆီးနှင်းမြူများကျရောက်နေမှုကြောင့် မြင်ကွင်းမှာ မီတာ ၅၀အောက်သို့ ရောက်ရှိနေသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြူများ လွှမ်းခြုံလျက်ရှိသည်။ *ဆင်ဟွာ။*

အပျော်စီးသင်္ဘောမှ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးအဖွဲ့က ဆက်လက်ရှာဖွေလျက်ရှိ

ရောမ ဇန်နဝါရီ ၁၉

အီတလီပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ သောင်တင်ကာ တိမ်းစောင်းနစ်မြုပ်သွားခဲ့သော အပျော်စီးသင်္ဘောကြီးမှ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း အီတလီသတင်းဌာနများက ဇန်နဝါရီ ၁၈ရက်သတင်းတွင် ဖော်ပြသည်။

ခရီးသည် ၄၂၀၀ကျော် လိုက်ပါလာခဲ့သော ကော်စတာကွန်ကော်ဒီးယားအမည်ရှိ အပျော်စီးသင်္ဘောကြီး ဘေးဥပဒ်ကျရောက်မှုကြောင့် ငါးဦးသေဆုံးသည်ဟု အတည်ပြုသည်။ လူ ၁၂ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။ ကော်စတာကွန်ကော်ဒီးယား အပျော်စီးသင်္ဘော၏ ကပ္ပတိန်နှင့် ပထမအရာရှိတို့ကို တာဝန်ပေါ့ဆမှုနှင့် ကိုင်တွယ်ဆောင်ရွက်ပုံ ညံ့ဖျင်းမှုစွဲချက်များဖြင့် ဖမ်းဆီးခဲ့သည်။

နောက်ဆုံးကယ်တင်ခံခဲ့ရသောခရီးသည်နှစ်ဦးမှာ တောင်ကိုရီးယားလူမျိုးစုံတွဲဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်က အီတလီနိုင်ငံအနောက်ဘက် ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ကျောက်ဆောင်နှင့်တိုက်မိကာ သင်္ဘောသောင်တင်ခဲ့ပြီး တိမ်းစောင်းနစ်မြုပ်ခဲ့သည်။ *အင်တာနက်။*

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြင်သစ်သမ္မတနိုင်ငံ အာရှဒေသပူးပေါင်းဆောင်ရွက်ရေး သံတမန် (Ambassador at large for cooperation in Asia) H. E. Mr. Jacques VALADE နှင့် ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU တို့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ညီအစ်မမြို့တော်သတ်မှတ်ဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဖေသိန်းတို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအလိုက် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (M.C.C)၌ ကျင်းပသည့် National Expo & Car Show(M.C.C) ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဖုန်းမြင့်၊ Father Land ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်၊ NIBBAN Electronic ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်သိန်း၊ ကောင်းစေတမန်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဖုန်းပိုင်ဦးနှင့် Oriental Apex ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်အောင်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြပွဲတွင် ပြသထားသည့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ စက်ဆီချောဆီများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါပြပွဲကို ကုမ္ပဏီ ၉၅ ခုမှ ပြခန်း ၁၄၉ ခန်းဖြင့် ဇန်နဝါရီ ၂၂ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံ Maejo University မှ Asst. Prof. Dr .Chamnian Yosraj ခေါင်းဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး Dr. Chamnian Yosraj က အဆင့်မြင့်ပညာကဏ္ဍတွင် Maejo တက္ကသိုလ်နှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ၏ ပညာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်များအချင်းချင်း အပြန်အလှန်လေ့လာရေး စေလွှတ်ရေး၊ ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန် စေလွှတ်ရေး၊ စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးဘရွှေက မြန်မာနိုင်ငံအနေဖြင့် ပညာရေးကဏ္ဍအရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့်လည်း ပညာရေးကဏ္ဍများကို အာဆီယံမူဘောင်အတွင်းမှနေ၍ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍပိုမိုမြင့်မားလာရေးအတွက် နိုင်ငံတကာနှင့်လည်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၁၉

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၂၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာ၌ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တစ်ဖက်နိုင်ငံသို့ တင်ပို့မည့်မြွေများ ပြင်ဦးလွင်မြို့နယ် အနီးစခန်း၌ ဖမ်းမိ

မန္တလေး ဇန်နဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့် တောခေါင်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က မန္တလေး-လားရှိုးကားလမ်း ပြင်ဦးလွင်မြို့နယ် အနီးစခန်း၌ တွင်းအောင်းတိရစ္ဆာန်များ ပြည်ပသို့ တရားမဝင်ခိုးထုတ်ရောင်းဝယ်နေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် မိုးကာများ အုပ်၍မောင်းလာသော မသက်ာဖွယ် တီအီးအမျိုးအစား မော်တော်ယာဉ် နှစ်စီးအား ရပ်တန့်ရှာဖွေရာ သေတ္တာများအတွင်း လင်းမြွေ၊ မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား စသည့် မြွေများထည့်ထားသည့် သေတ္တာ ၄၀၀ ခန့်တွေ့ရှိ၍ သိမ်းဆည်းပြီး ဇီဝမျိုးကွဲတိရစ္ဆာန်များမျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေး၊ အစာရေစာပြတ်လပ်သေဆုံးမှု မဖြစ်စေရေးအတွက် ဇန်နဝါရီ ၁၃ ရက်က သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများကြီးကြပ်မှုဖြင့် မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် တွားသွားသတ္တဝါပြခန်း၌ ယာယီထိန်းသိမ်းထားပြီး လူအများဘေးအန္တရာယ်ကင်းစေရေး သဘာဝဘေးမဲ့တော၌ သွားရောက်လွှတ်မည်ဖြစ်သည်။

မြွေများအား တစ်ဖက်နိုင်ငံသို့ တရုတ်နှစ်သစ်ကူးပွဲတော်အမီ တင်ပို့စဉ် ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်နိုင်ငံ၌ မြွေများအား အရက်တွင်စိမ်ပြီး အေးချမ်းသည့် ရာသီတွင် သောက်သုံးလေ့ရှိကြောင်း သိရသည်။

(၆၅၃)

ROAD TO 27th SEAGAMES

ဓာတ်ပုံပြပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့များတွင် ကျင်းပပြီးစီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအထိမ်းအမှတ် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၁၉ ရက်အစား ဇန်နဝါရီ ၂၉ ရက်မှ ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီမှစတင်ကာ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒေါ်ရွှေစင် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း-မန္တလေး) သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၁၆ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည့် Third Country Training Programme on Strengthening of Measurement Standards Institutes of Asia Pacific Countries သင်တန်းသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ကုန်သည်/စက်မှု အသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ မီးလောင် အိမ်ခြေ ၂၆ လုံး မီးလောင်ဆုံးရှုံးခဲ့

မန္တလေး ဇန်နဝါရီ ၁၉

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သန်လျက်မော် အရှေ့ရပ်ကွက် အကွက်(၄၂၈)နေ ဒေါ်မွန်မွန်ဇင်၏ နေအိမ်မှ ယနေ့ နံနက် ၂ နာရီခွဲတွင် မီးကြွင်းမီးကျန်မှ စတင်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ ၂၅၀၊ မီးသတ်ကား ၅၃ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၂၆ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၀၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်ကျွမ်းခံရသူများအား အကွက်(၄၂၉)ရှိ ပြည်လုံးအုံ့ဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များ အပါအဝင် လူမှုရေး အသင်းအဖွဲ့များက စားသောက်နေထိုင်ရေး အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ညွှန့်ဇော်-မန္တလေးကိုယ်ပွား)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သန်လျက်မော်အရှေ့ရပ်ကွက်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

(၀၀၂)

အမှန်တကယ်ရထိုက်ခွင့်ရှိသူတွေ နစ်နာဆုံးရှုံးမှုမရှိစေဖို့ စနစ်တကျစီမံဆောင်ရွက်ပေးနေ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မောင်မောင်မျိုး(ပဲခူး)

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ နေပြည်တော် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု မီးသွေးဖိုကုန်းကျေးရွာမှာ ဖြစ်ပေါ်နေတဲ့ လယ်ယာမြေတွေအပေါ် တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်မှုနဲ့ ပတ်သက်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လယ်ဝေးမြို့နယ် ဌာနဆိုင်ရာတွေနဲ့ ဒေသခံကျေးရွာ ရပ်မိရပ်ဖတွေကို ဇန်နဝါရီ ၁၈ ရက်က တွေ့ဆုံမေးမြန်းခဲ့ရာမှာ ၎င်းတို့ရဲ့ အသိအမြင်နဲ့ အတွေ့အကြုံတွေကို အောက်ပါအတိုင်း ကြားသိခွင့်ရရှိခဲ့ကြပါတယ်။

ဦးအေးကိုကို (ဒုတိယဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန)

မီးသွေးဖိုကုန်းရွာဟာ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ ၂၀၀၃ ခုနှစ် အိမ်ခြေစာရင်းအရ မီးသွေးဖိုကုန်းကျေးရွာမှာ အိမ်ခြေ ၁၇ လုံးသာရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် လယ်ယာမြေသန်းခေါင်စာရင်းအရလည်း အိမ်ထောင်စု ၂၀ သာ နေထိုင်ခဲ့ပါတယ်။ မီးသွေးဖိုကုန်းကျေးရွာနေရာဟာ စီမံကိန်းနယ်မြေနဲ့ လွတ်ကင်းမှုမရှိတဲ့အတွက် ရွှေ့ပြောင်းပေးနိုင်ရေး ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစီးတဲ့ စာရင်းကောက်ယူစိစစ်ရေးအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ အိမ်ခြေ ၁၃၃ လုံး၊ အိမ်ထောင်စု ၁၄၅ စုအထိ တိုးပွားနေတာကို တွေ့ရှိရပါတယ်။

ဒက္ခိဏသီရိမြို့သစ် တည်ဆောက်ရေး စီမံကိန်း ဆောင်ရွက်တဲ့အခါမှာ စီမံကိန်းနယ်မြေနဲ့ မလွတ်ကင်းတဲ့ ကျေးရွာတွေကို ရွှေ့ပြောင်းနေရာချထားတဲ့လုပ်ငန်း ဆောင်ရွက်ပေးခဲ့ပြီး နေထိုင်မှုအဆင်ပြေစေဖို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီက အစားထိုးမြေကွက်များ ပြန်လည်ချထားပေးခဲ့ပါတယ်။ အစားထိုးချထားပေးတဲ့ မြေကွက်များဟာ နေပြည်တော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရ သိန်း ရာဂဏန်း တန်ဖိုးရှိပါတယ်။ ဒါကြောင့်လည်း အစားထိုးမြေကွက် ရရှိလိုတဲ့စိတ်နဲ့ နေပြည်တော်နယ်နိမိတ် အတွင်းရှိ မြို့နယ်တွေနဲ့ ပြင်ပဒေသကလူတွေက လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူပြီး ယာယီတဲများ ဆောက်လုပ်လာကြတဲ့အတွက် အခုလိုအချိန်တိုအတွင်းမှာ အိမ်ခြေတိုးပွားလာရတာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ စာရင်းကောက်ယူရရှိတဲ့ အိမ်ထောင်စု ၁၄၅ စုကို အဖွဲ့နဲ့စိစစ်ပြီး ရသင့်ရထိုက်တဲ့ ဒေသခံနဲ့ ဒေသခံထဲက အိုးခွဲအိမ်ခွဲ နေထိုင်သူ စုစုပေါင်း အိမ်ထောင်စု ၄၉ စုကို ပေ (၆၀ × ၆၀) မြေကွက် တစ်ကွက်စီ ချထားပေးခဲ့ပါတယ်။ ရွှေ့ပြောင်းပေးရတဲ့ဒေသခံများ နစ်နာမှုမရှိစေဖို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ အဆောက်အအုံ လျော်ကြေး၊ ရွှေ့ပြောင်းစရိတ်တွေ ထောက်ပံ့ပေးလျော်တဲ့အပြင် ခြံဝင်းထဲရှိတဲ့ သီးပင်စားပင်ကအစ တန်ဖိုးတွက်ချက်ပေးလျော်ခဲ့ပါတယ်။ ရွှေ့ပြောင်းရာမှာလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီက ကားတွေနဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။ နောက်ပိုင်းကျမှ လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူထားတာဖြစ်လို့ အစားထိုးမြေနေရာ ပြန်လည်ချထားပေးခြင်း မခံရသူတွေအတွက်လည်း မူလနေထိုင်ရာ ဒေသတွေဆီ ပြန်လည်ရွှေ့ပြောင်းနိုင်ရေးအတွက် ရွှေ့ပြောင်းစရိတ် နှစ်သိန်းစီ ထောက်ပံ့ပေးခဲ့ပါတယ်။

နေပြည်တော်နယ်နိမိတ်အတွင်းမှာ ရှိတဲ့ ကျေးရွာများအနီး လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူပြီး ယာယီတဲ တည်ဆောက်ကာ စီမံကိန်းနယ်မြေနဲ့ မလွတ်လို့ ရွှေ့ပြောင်းရရင် မြေကွက် အစားထိုးရဖို့ ရည်ရွယ်ချက်ထား လုပ်ဆောင်နေတဲ့သူတွေ များပြားနေတဲ့အတွက် စိစစ်ရေးအဖွဲ့က သေချာစိစစ်ပြီး ဒေသခံတွေကိုသာ ပြန်လည်နေရာချထားပေးလျက် ရှိပါတယ်။

ဦးအောင်လွင်
(မြို့နယ်အုပ်ချုပ်ရေးမှူး)

ဦးအောင်လွင်(မြို့နယ်အုပ်ချုပ်ရေးမှူး)

နေပြည်တော် ဖွံ့ဖြိုးရေးစီမံကိန်းတွေအရ ကျေးရွာ ဖယ်ရှားရွှေ့ပြောင်းရေးကိစ္စတွေ ဆောင်ရွက်ရာမှာ ပထမအဆင့် စာရင်းကောက်ယူတာ၊ ဒုတိယအဆင့် စိစစ်တာတွေကို အဆင့်လိုက် ဆောင်ရွက်ခဲ့ပါတယ်။

ပထမအဆင့်မှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတွေ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပါဝင်တဲ့အဖွဲ့နဲ့ စာရင်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။

ဒုတိယအဆင့်မှာ ကောက်ယူပြီး စာရင်းဇယားတွေအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြေယာဌာနကိုယ်စားလှယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့ အဖွဲ့နဲ့ ၁၅-၁၀-၂၀၁၁ ရက်မှာ ပထမအကြိမ် စိစစ်ခဲ့ပါတယ်။ စိစစ်ရာမှာလည်း ကျေးရွာရာအိမ်မှူးတွေ၊ ရပ်မိရပ်ဖတွေကို သက်သေထားပြီး အိမ်ထောင်စုတစ်ခုချင်းရဲ့အခြေအနေကို မျက်မြင်စိစစ်ခဲ့ပါတယ်။ ပထမအကြိမ်စိစစ်ပြီး စာရင်းတွေအပေါ် ၂၉-၁၂-၂၀၁၁ ရက်မှာ ဒုတိယအကြိမ် ထပ်မံစိစစ်ဆောင်ရွက်ခဲ့ပါတယ်။

ရပ်နီးရပ်ဝေးက လာရောက်ပြီး အစားထိုးမြေကွက် ရရှိလိုသူတွေဟာ မီးသွေးဖိုကုန်းရွာအပြင်ဘက်မှာရှိတဲ့ လယ်ယာတွေကို တရားမဝင် အရောင်းအဝယ်ပြုလုပ်ကြပြီး ယာယီတဲထိုးနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ သူတို့ဟာ မြေကွက်အစားထိုးရရှိပြီး အမြတ်ရရှိဖို့ မျှော်လင့်ချက်နဲ့ ယာယီတဲတွေထိုးပြီး တချို့မှာ အိမ်အငှားထားတာ၊ တချို့မှာ လူမနေတာတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီအိမ်ထောင်စုတွေဟာ ဒေသခံအိမ်ထောင်စုတွေ မဟုတ်တဲ့အတွက် မြေနေရာအစားမရရှိဘဲ အဆောက်အအုံပြောင်းရွှေ့စရိတ်ကိုသာ ရရှိခဲ့တာ ဖြစ်ပါတယ်။

ဦးနိုင်ဝင်း (လက်ထောက်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန)

တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာမှာ မီးသွေးဖိုကုန်းကျေးရွာဟာ မလွတ်ကင်းတဲ့အတွက် အိမ်ခြေစာရင်း၊ အိမ်ထောင်စုစာရင်း ကောက်ယူခဲ့တဲ့အခါမှာ ၁၄၅ စုအထိ တိုးလာပါတယ်။ တိုးလာတဲ့ အိမ်ထောင်စု၊ အိမ်ခြေစာရင်းတွေကို စိစစ်ရာမှာ မူလရွာနေ ၃၀၊ အိုးကွဲ ငါးဦး၊ ဒေသခံ ပြန်လာ ၁၄ ဦး ပေါင်း ၄၉ ဦးအား စိစစ်ရရှိခဲ့ပြီး စိစစ်ချက်အရ နစ်နာကြေး၊ ရွှေ့ပြောင်းစရိတ်နဲ့ မြေကွက် ပေးအပ်ခဲ့ပါတယ်။ ကျန်အိမ်ထောင်စုတွေကိုတော့ ရွှေ့ပြောင်းစရိတ် နှစ်သိန်းပေး၍ ဖယ်ရှားပေးရန် အသိပေးခဲ့ပါတယ်။

ဦးတင်ဝင်း (ရပ်မိရပ်ဖ)

ကျွန်တော်က မီးသွေးဖိုကုန်းကျေးရွာ ဇာတိချက်မြှုပ်ဖြစ်ပါတယ်။ အသက်ကတော့ (၅၉)နှစ်ရှိပြီး မိသားစုကိုးယောက် ရှိပါတယ်။ ဒီနေရာမှာ စီမံကိန်းလုပ်ဖို့ရှိလို့ ကျွန်တော်တို့ကို ရွှေအင်ကြင်းရပ်ကွက်(၂)မှာ နေရာချထားပေးပါတယ်။ ပြီးခဲ့တဲ့ တစ်လလောက်ကပေါ့။ ပြောင်းရွှေ့တဲ့အခါမှာ နေပြည်တော်စည်ပင်သာယာက ကားနဲ့ ပို့ဆောင်ပေးပြီး အဆောက်အအုံလျော်ကြေးနဲ့ ရွှေ့ပြောင်းစရိတ်အတွက် ခုနစ်သိန်း သုံးသောင်း ထုတ်ပေးပါတယ်။ ဒါ့အပြင် နှစ်ရှည်သီးပင်စားပင်တွေ စိုက်ထားတဲ့အတွက် လျော်ကြေးအဖြစ် သုံးသိန်း ခြောက်သောင်းရပါတယ်။ အရင်တုန်းကတော့ ရွာမှာ အိမ်ခြေနည်းနည်းပဲ ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကမှ တခြားရွာတွေဖြစ်တဲ့ သဲတော၊ ပိတောက်ကုန်း၊ ကျွဲတဲရွာတွေကသူတွေ လာဝယ်ပြီး နေကြတာတွေ့ရပါတယ်။ ဒီရွာဒေသခံ မဟုတ်တဲ့သူတွေကတော့ လက်ရှိ မီးသွေးဖိုကုန်းကျေးရွာမှာ ရှိကြတုန်းပါပဲ။

ဦးတင်စိုး(ရာအိမ်မှူး)

ကျွန်တော်က မီးသွေးဖိုကုန်းကျေးရွာမှာ ရာအိမ်မှူးလုပ်ခဲ့တာပါ။ ၂၀၀၈-၂၀၀၉ ခုနှစ်လောက်က စည်ပင်သာယာနဲ့ စာရင်းကောက်ခဲ့တာ ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၇ လုံးလောက်ပဲ ရှိတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့ရွာမှာ မြေနေရာဝယ်ပြီး နေတဲ့သူတွေ များလာပါတယ်။ တချို့ကလည်း တခြားနေရာမှာ တန်ဖိုးကြီးပြီးမနေနိုင်လို့ ဒီရွာမှာလာနေရတာလို့ ပြောကြပါတယ်။ ကျွန်တော်လည်း ယာမြေ တစ်ဧကလောက် ရောင်းခဲ့ပါတယ်။ ဒီနေရာက ရွှေ့ရရင် မြေကွက်အစားထိုးရနိုင်၊ မရနိုင်တော့မသိဘူး။ ဝယ်ချင်ရင်ဝယ်ဆိုပြီး ရောင်းခဲ့ပါတယ်။ ရွှေအင်ကြင်းရပ်ကွက်ဘက်က ဦးနိုင်လင်းနဲ့ ဦးအောင်ဝင်းတို့ဆီကို နှစ်သိန်းခွဲပတ်ဝန်းကျင်လောက်နဲ့ ရောင်းခဲ့ပါတယ်။ ယာမြေမှာ အိမ်ဆောက်ပြီးနေလို့မရဘူးဆိုတာ မသိပါဘူး။ မြေချင်းဆက်စပ်နေတော့နေလို့ရတယ်လို့ပဲ ယူဆခဲ့ပါတယ်။ အဲဒီဝယ်တဲ့သူတွေလည်း သုံးပင် နှစ်ခန်း ယာယီအိမ်တွေကို မျောတိုင်၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုးနဲ့ ဆောက်ပြီးနေကြတယ်။ တခြားလူတွေဆီမှာလည်း အောင်လံ၊ တောင်ငူနဲ့ လယ်ဝေးမြို့နယ် ကျွဲတဲဘက်ကလည်း လာဝယ်ကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ဒေသခံတွေကို မြေကွက်မရွှေ့ပြောင်းပေးခင် ရပ်ကွက်/ကျေးရွာ အခြေခံမြေယာစိစစ်ရေးအဖွဲ့နဲ့ စိစစ်ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ကျွန်တော်တို့ ရပ်မိရပ်ဖ ၁၀ ဦးလည်း ပါဝင်ပါတယ်။ ဒေသခံမဟုတ်ဘဲ နောက်မှဝင်လာတဲ့သူတွေကို တစ်ဦးချင်းမှတ်တမ်းထားရှိပြီး မြေကွက်နေရာရွှေ့ပြောင်းပေးရင် အကျုံးမဝင်ကြောင်းကိုလည်း အသိပေးခဲ့ပါတယ်။ ရွှေ့ပြောင်းရမယ်ကြားကတည်းက ဒေသခံတွေကလွဲလို့ ကျန်တဲ့သူတွေ

ဦးတင်စိုး(ရာအိမ်မှူး)

အခွင့်အရေးမရနိုင်ဘူးလို့ ပြောခဲ့တာပေါ့။ ကျွန်တော့်အိမ်အတွက် လျော်ကြေးနဲ့ ရွှေ့ပြောင်းစရိတ် ၂၁ သိန်း ကိုးသောင်း ရပြီး နှစ်ရှည်သီးပင်စားပင်လျော်ကြေးအတွက် လေးသိန်း ရပါတယ်။ အိမ်ရွှေ့တာကတော့ နေပြည်တော်စည်ပင်က ကားနဲ့ သုံးခေါက် သယ်ရပါတယ်။ ရွှေအင်ကြင်းရပ်ကွက်မှာတော့ အခု အိမ်ဆောက်နေဆဲပါပဲ။

ဦးစိုးမြင့်(ရပ်မိရပ်ဖ)

ကျွန်တော့်မှာ မိသားစု ခြောက်ဦး ရှိပါတယ်။ အသက်ကတော့ (၄၉)နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်က ဦးဝင်းစိန်ဆီက ပြန်ဝယ်ပြီး နေခဲ့တာပါ။ အရင်ကတော့ အိမ်ခြေ ၁၈ လုံးပဲရှိပါတယ်။ အခုတော့ အိမ်ခြေ ၁၄၃ လုံးလောက်ရှိပါတယ်။ ၂၀၀၈-၂၀၀၉လောက်မှာ ဒေါ်ဝင်းကြည်နဲ့ သက်ဝေအောင်တို့က လာဝယ်လို့ ကျွန်တော်လည်း ယာမြေကို ဖဲ့ပြီး ပေ (၁၁၀× ၉၀) ကို ကိုးသိန်းနဲ့ ရောင်းခဲ့ပါတယ်။ စာချုပ်ကတော့ အရပ်စာချုပ်ပေါ့။ သက်သေအနေနဲ့ ရာအိမ်မှူးက လက်မှတ်ထိုးပါတယ်။ သူတို့ နှစ်ယောက်ကလည်း မြေကို ထပ်စိတ်ပြီး နောက်ထပ်လေးဦးကို ပြန်ရောင်းထားပါတယ်။ ဒေါ်ဝင်းကြည်နဲ့ သက်ဝေအောင်တို့အိမ်မှာတော့ အစောင့်ပဲ လာနေပြီး ထပ်ဝယ်ထားတဲ့ လေးဦးကတော့ လူကိုလာမနေပါဘူး။ ကျွန်တော်လည်း ယာမြေထဲမှာ အိမ်ဆောက်နေလို့ မရဘူးဆိုတာ မသိပါဘူး။ ဒါပေမယ့် ဝယ်တဲ့သူတွေကတော့ အမြော်အမြင်နဲ့ ဝယ်ကြတာပေါ့။ စည်ပင်က လမ်းဖောက်ဖို့ မြေထိုးမှပဲ ရွာကနေ ဖယ်ပေးရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ အိမ်လျော်ကြေးနဲ့ ရွှေ့ပြောင်းစရိတ်အတွက် ခုနစ်သိန်း တစ်ထောင်လျော့ ရပါတယ်။ နှစ်ရှည်သီးပင်စားပင် မစိုက်ထားတော့ အဲဒီအတွက်တော့ လျော်ကြေးမရပါဘူး။ တချို့လည်း လူပျို၊ အပျိုတွေအတွက် မြေကွက်တောင်းတယ်လို့ ကြားပါတယ်။ လူပျို၊ အပျိုဆိုတာ မိဘလက်ကမှ မလွတ်သေးတာ ဘယ်ရမလဲဗျာ။ တချို့က အခြားရွာကနေ ရွှေအင်ကြင်းရပ်ကွက်မှာ နေရာချထားပေးတာတောင်မှ အဲဒီမြေကွက်ကို ရောင်းပြီး ဒီရွာမှာ မြေလာဝယ်ပြီး နေကြတယ်။

ကျွန်တော်တို့အဖွဲ့ဟာ မီးသွေးဖိုကုန်းကျေးရွာမှာ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှ မြေဝယ်ပြီး နေထိုင်နေတဲ့ ရွာသားနှစ်ဦးနဲ့လည်း တွေ့ဆုံခဲ့ကြပါသေးတယ်။ သူတို့နှစ်ဦးကလည်း အခုလိုပြောပြခဲ့ကြပါတယ်။

ဦးစိုးမြင့်(ရပ်မိရပ်ဖ)

ဝယ်ယူနေထိုင်သူတစ်ဦး

ကျွန်တော်ကတော့ လယ်ဝေးဘက်က ဇာတိပါပဲ။ ကျပန်းအလုပ် လုပ်ကိုင်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကရင်ရွာကနေ ဖယ်ရှားပေးခဲ့ရပြီး ရွှေအင်ကြင်းရပ်ကွက်မှာ အစားထိုးမြေကွက် ရရှိခဲ့ပါတယ်။ သားကလည်း ကျန်းမာရေးမကောင်းတာနဲ့ ဆေးကုသနိုင်ဖို့နဲ့ မြေနေရာလေး ဝယ်ယူနေထိုင်နိုင်ဖို့အတွက် ရှိတဲ့ငွေလေးနဲ့ ရတဲ့နေရာလေး ဝယ်မယ်ဆိုပြီး ဒီမီးသွေးဖိုကုန်းကျေးရွာမှာ ဈေးချိုလို့ဝယ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ဦးတင်ငွေဆီက ပေ (၆၀× ၄၀) ကို နှစ်သိန်း ရှစ်သောင်းနဲ့ ဝယ်ခဲ့တာပါ။ စာချုပ်လည်းမလုပ်ပါဘူး။ ဒီအတိုင်း အလွတ်ပဲဝယ်ထားတာပါ။ ဘာအထောက်အထားမှလည်း မရှိပါဘူး။ နေပြည်တော်စည်ပင်က ကိုယ့်နေရပ်ကို ပြန်ဖို့ ပြောထားပြီး ရွှေ့ပြောင်းစရိတ် နှစ်သိန်းပေးမယ်လို့လည်း ပြောပါတယ်။

ဝယ်ယူနေထိုင်သူတစ်ဦး

ကျွန်တော်ကတော့ လယ်ဝေးဘက်ကပါ။ ၂၀၀၈ ခုနှစ်မှာ ဦးတင်စိုး (ရာအိမ်မှူး) ဆီက ဝယ်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ စတင်နေထိုင်ခဲ့ပါတယ်။ ယာမြေပေ (၅၀ × ၅၀) ကို တစ်သိန်း သုံးသောင်း ငါးထောင်နဲ့ ဝယ်ခဲ့ပါတယ်။ ကြာလာတော့ ပတ်ဝန်းကျင်နဲ့ အဆင်မပြေတော့ဘူး။ အိမ်ခြေတွေ တိုးလာလို့လေ။ အောင်လံဘက်က လာဝယ်တဲ့သူတွေလည်းရှိတယ်။ ဒါကြောင့် ပေ (၄၀× ၁၂၀) ကို နှစ်သိန်းပေးပြီး ဦးသိန်းရွှေဆီက ထပ်ဝယ်ခဲ့ပါတယ်။ ကျွန်တော် ဒီရွာကိုရောက်ခါစက အိမ်ခြေ ၄၁ လုံးလောက်ပဲ ရှိပါတယ်။ ဒီရွာကိုပြောင်းရွှေ့ခနဲ့ အိမ်ဆောက်ခက ရှစ်သိန်းကျော်လောက် ကုန်ခဲ့ပါတယ်။ ကျွန်တော်တို့နောက်မှာတော့ အမြို့မြို့အနယ်နယ်က မြေတွေလာဝယ်ကြတာပါပဲ။ တချို့ဆိုရင် သုံးအိမ်စာလောက် ဝယ်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာ မိသားစုအခက်အခဲ ရှိပါတယ်။ ဒါကြောင့် ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် မျှော်မှန်းပြီး ဒီရွာရွှေ့ပြောင်းရေးလုပ်ရင် မြေနေရာ တစ်ကွက်လောက်တော့ ရနိုင်တယ်။ ရလို့ ပြန်ရောင်းရင် အကျိုးအမြတ်ရှိမယ်လို့ ယူဆပြီး ဝယ်ခဲ့တာပါ။ အခု ဒေသခံအစစ်အမှန်တွေကို မြေကွက်အစားထိုးပေးပြီး ပြောင်းရွှေ့ပေးလိုက်တော့ အိမ်ခြေ ၉၀ ကျော်လောက် ကျန်ရှိပါတယ်။ အဲဒီအထဲမှာ အမှန်တကယ် ကိုယ်တိုင်နေထိုင်ကြတာဆိုလို့ အိမ်ခြေ ငါးလုံးလောက်ပဲ ရှိပါတယ်။ ကျန်တာတွေကတော့ အစောင့်ပဲ ရှိတာ။ တချို့ဆို လူကို မရှိပါဘူး။

တကယ်တော့ လက်ရှိမီးသွေးဖိုကုန်းကျေးရွာမှာ ကျန်ရှိနေတဲ့သူတွေဟာ အောင်လံ၊ တောင်တွင်းကြီး၊ တောင်ငူ၊ ရန်ကုန်စတဲ့ ရပ်ဝေးဒေသတွေနဲ့ ဒီအနီးအနားက သဲတော၊ ပိတောက်ကုန်း၊ ကျွဲတဲ၊ သာယာကုန်း၊ ရွှေဂံအင်းစတဲ့ နေရာတွေက လာရောက်ပြီး လယ်ယာမြေတွေကို ငွေကျပ် နှစ်သိန်းဝန်းကျင်လောက်နဲ့ တရားမဝင် စိတ်ပိုင်းဝယ်ယူကာ ယာယီတဲတွေနဲ့ လာရောက်နေထိုင်သူတွေ ဖြစ်ပါတယ်။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာတော့ အဲဒီဥပဒေတွေနဲ့ မညီညွတ်ရင် လယ်ယာမြေတွေကို ပေါင်နှံတာ၊ ရောင်းချတာ၊ လွှဲပြောင်းတာ၊ ခွဲစိတ်တာ မပြုလုပ်ရဘူးလို့ ပြဋ္ဌာန်းဖော်ပြထားတာ တွေ့ရပါတယ်။

ဒါကြောင့် ဥပဒေကြောင်းအရနဲ့ အမှန်တကယ် ရထိုက်ခွင့်ရှိသူတွေ နစ်နာဆုံးရှုံးမှု မရှိစေဖို့အတွက် နေပြည်တော်ကောင်စီ အပါအဝင် တာဝန်ရှိသူတွေက စနစ်တကျ စီမံဆောင်ရွက်ပေးနေတယ် ဆိုတာကို ကြားသိခဲ့ရပါတယ်။ ။

ကွယ်လွန်သူ ဗိုလ်ကြီးစိုင်းသီဟ (ငြိမ်း) DSTA (4) မန်နေဂျာ (မြန်မာ့သတင်းစဉ်)အား ရည်စူး၍ မိခင်ဖြစ်သူ ဒေါ်ငွေငွေဝင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းစဉ်။

(ကြေးမုံ)

စံတော်သာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ နှစ်ပတ်လည်အခမ်းအနား ကောလင်းမြို့၌ ကျင်းပ

ကောလင်း ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စံတော်သာဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် တစ်နှစ်ပြည့်နှစ်ပတ်လည်ကို ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင် အဆိုပါစံတော်သာဘိုးဘွားရိပ်သာ ခန်းမဆောင်၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးသန်းလေး၊ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ စာရင်းစစ် ဦးချစ်ဆွေ၊ မြို့နယ်သတင်းထောက် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)နှင့် အဖွဲ့ဝင်များ၊ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများ တက်ရောက်ကြပြီး စံတော်သာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်သတင်းထောက် ဦးခင်မောင်ညိမ်းက “ဓမ္မရေစီးကြောင်းပေါ်က သံဝေဂဂယက်များ” ကို ဟောပြောသည်။

ယင်းနောက် စံတော်သာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများက အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ကောလင်းမြို့ ခင်မို့မို့စာပေနှင့် ကြယ်စင်စာပေတို့မှ ပေးအပ်လှူဒါန်းသော ဂျာနယ်အစောင် ၁၀၀ ကို အဖွဲ့ကိုယ်စား အဖွဲ့ဝင်စာရင်းစစ် ဦးချစ်ဆွေက အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၂၁၄)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေတက္ကသိုလ်ဘက်စုံသုံး သုံးထပ်ဆောင်ပင်မဆောင်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် စစ်တွေတက္ကသိုလ် ဘက်စုံသုံး သုံးထပ်ပင်မဆောင် ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း မန်နေဂျာ ဦးငွေဝင်းက တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြသ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရေဂါလန် ၃၀၀၀၀ ဆံ့ မြေအောက် ရေလှောင်ကန်ဆောက်လုပ်နေမှုနှင့် စစ်တွေတက္ကသိုလ် စာသင်ဆောင်အမှတ်(၇)နှင့် (၈)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်မီကောင်းမွန်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၁၉

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးဇော်ဟိန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း စက်မှုဝန်ကြီးဌာန
(ခ) ဦးအေးကို	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာကျော်ဇင်သန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာဝင်းမြတ်အေး ပါမောက္ခ ကလေးကျန်းမာပညာဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Burapha University တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချာလီသန်းနှင့် ထိုင်းနိုင်ငံ Burapha University မှ President, Professor Sompol Pongthai တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Burapha University တို့သည် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းရေးသားထုတ်ဝေခြင်းနှင့် သုတေသနလုပ်ငန်းများ၊ ပညာရှင်ဆိုင်ရာ လုပ်ငန်းရပ်များတွင် သင်ကြားရေး ဝန်ထမ်းများ အပြန်အလှန်ဖလှယ်ရေး၊ ကာလရှည်နှင့် ကာလတိုသင်တန်း (Course)များအတွက် Credit အသီးသီး ခွင့်ပြုသတ်မှတ်နိုင်ရေး၊ တက္ကသိုလ်နှစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လေ့ကျင့်သင်ကြားမှု အရှိန်မြှင့်တင်နိုင်ရန်အတွက် သင်ကြား ရေးနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ အပြန် အလှန်ဖလှယ်ရေးစသည့် လုပ်ငန်းများ တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

(သတင်းစဉ်)

လေရှီးမြို့၌ ကျင်းပသော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသား ဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၉

ဇန်နဝါရီ ၁၅ ရက်တွင် လေရှီးမြို့၌ ကျင်းပသော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ နိုင်ငံအလိုက်ရောက်ရှိမှုမှာ ပြင်သစ် ကိုးဦး၊ အမေရိကန် လေးဦး၊ ထိုင်း လေးဦး၊ ဂျာမန်၊ နော်ဝေး၊ ဘယ်လ်ဂျီယန်၊ ဆွစ်ဇာလန်၊ အီတလီ၊ ချက်ကိုဆလိုဗက်နှင့် ဩစတြေးလျ နှစ်ဦးစီ၊ လူဇင်ဘက်နှင့် ဂျပန် တစ်ဦးစီနှင့် စုစုပေါင်း နိုင်ငံခြားသား ခရီးသွား ဧည့်သည် ၃၇ ဦး လာရောက်ကြသည်။

ရောက်ရှိလာကြသော နိုင်ငံခြားသား ဧည့်သည်များနှင့် ဧည့်လမ်းညွှန်များ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံဆရာ ၁၃ ဦးနှင့် ပြည်တွင်းခရီးသွားကုမ္ပဏီ ၁၆ ခုမှ ခရီးသွားဧည့်သည်များအား တည်းခိုနေထိုင်ရေး၊ စားသောက်ရေးကိစ္စများကို အဆင်ပြေစွာ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေသခံပြည်သူများသို့ ကျေးရွာသုံးစိုက်ခင်းထွက် ထင်းများဝေငှ

နေပြည်တော် ဇန်နဝါရီ ၁၉

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နေပြည်တော် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူများသို့ ကျေးရွာသုံး ထင်းစိုက်ခင်းမှထင်းများ ဝေငှပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ် အုန်းပင် ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးက ကျေးရွာသုံးထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းများကို ဒေသခံပြည်သူများသို့ ခွဲဝေပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် သက်တမ်း(၁၇)နှစ်ပြည့် ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ထင်းများ ပေးဝေပွဲကိုကျင်းပရာ ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး၊ တပ်ကုန်းမြို့နယ်မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများနှင့် အုန်းပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်တို့က အုန်းပင်ကျေးရွာရှိ အိမ်ထောင်စု ၂၀၀ တို့အား ထင်းများ အခမဲ့ပေးဝေခဲ့ကြကြောင်း သိရှိရ သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာငှက်ဝါသနာရှင်အသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနားနှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာငှက်ဝါသနာရှင်အသင်းနှင့် ဓာတ်ပုံပညာရှင်များက ရေတိမ်ဒေသနှင့်စပ်လျဉ်းသည့် ဓာတ်ပုံ ၁၄၀ ကျော်ကို ခင်းကျင်းပြသပြီး မြန်မာ့ရေတိမ် ဒေသများစာအုပ်နှင့် စီဒီတို့ကို အခမဲ့ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

အာဆီယံတက္ကသိုလ်များ ကွန်ရက် (ASEAN University Network-AUN) အစီအစဉ်ဖြင့် Training on Enhancing Quality Assurance သင်တန်းကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့ သည်။ အဆိုပါသင်တန်း၏ ဆင့်ပွား သင်တန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ဖွင့်လှစ် လျက်ရှိသည်။

အဆိုပါသင်တန်းသို့ သမဝါယမဒီဂရီ ကောလိပ်မှ ဆရာ၊ ဆရာမ ၁၀ ဦး တက် ရောက်လျက်ရှိပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် မိမိတက္ကသိုလ်၊ ကောလိပ်အတွက် ပညာရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ခြင်းစနစ်ကို ယခုထက်ပိုမို၍ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျေးလက်တံတားသစ်တည်ဆောက်ရန် ပန္နက်တင် သုံးလအတွင်း အပြီးတည်ဆောက်သွားမည်

မိတ္ထီလာ ဇန်နဝါရီ ၁၉

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေမှ မိတ္ထီလာမြို့ ဥယျာဉ်ကုန်း ကျေးရွာနှင့် စက်ပစ်တောင်ကျေးရွာကူး အုတ်ခုံခံ၊ သံပေါင်ရက်မ၊ သစ်သား တံတား တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်နံနက်က ဥယျာဉ်ကုန်း ကျေးရွာ ချောင်းကူးတံတားထိပ် မင်္ဂလာ မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း ဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဦးကျော်ဆန်း၊ မိတ္ထီလာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစောငွေး၊ ဦးကျော်အေး၊ ထမုံကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ငွေး၊ ဥယျာဉ်ကုန်းကျေးရွာ ရာအိမ်မှူး ဦးခင်မောင်ရှိနှင့် စက်ပစ် တောင်ကျေးရွာ ရာအိမ်မှူး ဦးကျော်သိန်း တို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်စိုက်ထူပေးကြသည်။

ဥယျာဉ်ကုန်းကျေးရွာနှင့် စက်ပစ် တောင်ကျေးရွာ ချောင်းကူးတံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင် နီယာဌာနမှ အင်ဂျင်နီယာ ဦးမျိုးဇော်က အကျယ် ၁၃ ပေ၊ အလျား ပေ ၄၀၊ အမြင့် ၁၇ ပေရှိ အုတ်ခုံခံ၊ သံပေါင်ရက်မ သစ်သားတံတား အမျိုးအစားဖြစ်သည့် ကျေးရွာကူးတံတားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီတွင် စတင်တည်ဆောက် အကောင်အထည်ဖော်ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် ငွေကျပ် ၁၂၅ သိန်း အကုန် အကျခံ၍ အပြီးတည်ဆောက်သွားမည် ဖြစ်သည်။

ကျေးရွာကူးတံတား တည်ဆောက် ပြီးစီးပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ပြီး ဒေသထွက်ကုန်သီးနှံများ လည်း အလွယ်တကူ ရောင်းဝယ်နိုင်မည် ဖြစ်၍ ဒေသခံကျေးရွာသူ / ရွာသားများ က ပျော်ရွှင်ဝမ်းသာနေကြသည်။ (၁၁၁)

MANKATHA နှင့် IN TIME ဇာတ်ကားသစ်တို့ ရုံတင်

ရန်ကုန်မြို့ မင်္ဂလာရုပ်ရှင်ရုံ၌ MANKATHA အိန္ဒိယဇာတ်ကားသစ် နှင့် နေပြည်တော်ရုပ်ရှင်ရုံ၌ IN TIME ဇာတ်ကားသစ်တို့ ဇန်နဝါရီ ၂၀ ရက် (သောကြာနေ့)တွင် ရုံတင်ပြသမည်ဖြစ် သည်။

မင်္ဂလာရုပ်ရှင်ရုံ၌ ပြသမည့် MANKATHA ဇာတ်ကားမှာ ခရစ်ကက် အားကစားနည်းကို နောက်ခံထား ပြီး မာဖီးယားဂိုဏ်းနှင့် CID အရာရှိ တို့၏ သည်းထိတ်ရင်ဖိုလှုပ်ရှားမှုကို မြင်တွေ့ရမည်ဖြစ်သည်။ စွန့်စားမှု၊ တစ်ဦးကိုတစ်ဦး သံသယရှိမှုနှင့် စွန့်လွှတ်မှုတို့ဖြင့် ဇာတ်လမ်းကို ဖွဲ့စည်းထားသည်။ အိန္ဒိယမင်းသား အာရ်ဂျွန်က CID အရာရှိအဖြစ် အက်ရှင်အပြည့် သရုပ်ဆောင်ထား သည်။

နေပြည်တော်ရုပ်ရှင်ရုံ၌ ပြသမည့် IN TIME ဇာတ်ကားကို ဒါရိုက်တာ Andrew Niccol က ဇာတ်ညွှန်း ရေးသားရိုက်ကူးပြီး သရုပ်ဆောင် Justin Timberlake၊ Amanda Seyfried နှင့် Cillian Marphy တို့က ပါဝင် သရုပ်ဆောင်ထားသည်။ သိပ္ပံဆန်းကြယ် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

မြန်မာဇာတ်ကားသစ်များ ရုံတင်ခြင်း မရှိဘဲ သမ္မတနှင့်သွင်ရုံတွင် “အမေ့ ကျေးဇူး ဆပ်ဖူးချင်တယ်”၊ ရွှေဆောင်ရုံ ရုံတွင် MISSION: IMPOSSIBLE-4ဇာတ်ကားတို့ ပြသနေကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

နေပြည်တော်ရုပ်ရှင်ရုံ၌ ပြသမည့် IN TIME ဇာတ်ကား၏ ဇာတ်ဝင်ခန်း။

ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ BIMSTEC ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အဖွဲ့ တက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၉

ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ BIMSTEC ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်တွင် နီပေါနိုင်ငံ ခတ္တမန်ဒူမြို့၌ ကျင်းပခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း နီပေါနိုင်ငံ ခတ္တမန်ဒူမြို့၌ကျင်းပသည့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ BIMSTEC ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်တွင် ခတ္တမန်ဒူမြို့ Soaldee Crowne Plaza ဟိုတယ်၌ ကျင်းပရာ နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Narayan Kaji Shrestha Prekash တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ကိုယ်စား မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် BIMSTEC နိုင်ငံများ ဆင်းရဲမှုလျှော့ချရေးအတွက် ရှေ့လုပ်ငန်းစဉ် (Plan of Action on Poverty Alleviation)ကို အတည်ပြုခဲ့ကြပြီး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် "ဆင်းရဲသူများအပါအဝင် ဒေသတွင်းပြည်သူများအားလုံး အကျိုးခံစားနိုင်မည့် မြင့်မားသည့် စီးပွားရေးတိုးတက်မှုရရှိရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲသူများအတွက် လူမှုရေးဆိုင်ရာ အကာအကွယ်များ ပိုမိုတိုးတက်ရရှိစေရေး၊ ဆင်းရဲသူများအတွက် ရည်မှန်းပြီး အထောက်အပံ့များ ပေးနိုင်မည့်အစီအမံ ချမှတ်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအတွက် ပြင်ဆင်ထားရှိရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်လာမှုကို မျှော်မှန်းပြီး ကြိုတင်စီမံခန့်ခွဲရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရေးနှင့် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများကို ကာလအပိုင်းအခြားအလိုက် စိစစ်သုံးသပ်ရေး" စသည့် အချက်များပါဝင်သည့် မဟာဗျူဟာလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ထို့နောက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ခတ္တမန်ဒူကြေညာစာတမ်းကို တက်ရောက်လာသောကိုယ်စားလှယ်အဖွဲ့များက သဘောတူထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် BIMSTEC နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နီပေါနိုင်ငံဝန်ကြီးချုပ်အား သွားရောက်တွေ့ဆုံသည်။

ဆင်းရဲမှု ပပျောက်ရေး ဆိုင်ရာ BIMSTEC ဝန်ကြီးအဆင့် တတိယအကြိမ် အစည်းအဝေးကို သီရိလင်္ကာနိုင်ငံ၌ ကျင်းပရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောင်မြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြစ်ဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သလ္လာဝတီကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ စစ်ဆေးရေးမှူး ဦးလှသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၅ ပေရှိ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ်သိန်း ၁၆၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အလားတူ မြောင်မြို့နယ် နန္ဒင်းကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အေးငြိမ်းသာယာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

အေးငြိမ်းသာယာ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၅ ပေရှိ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ နိုင်ငံတော်မတည်ငွေကျပ်သိန်း ၈၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် ရွှေတချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီ သိမ်တော်ကြီးအတွင်း တပ်ဆင်ရန် ခေါင်းလောင်းနှင့် မျက်နှာကြက်အတွက် အလှူတော်ငွေကျပ် ၁၅ သိန်း ၇ သောင်းကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမို)၊ သား ဗိုလ်ကြီး ကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ ဒေါ်အေးအေးမော်တို့က ဇန်နဝါရီ ၁၄ ရက်တွင် လှူဒါန်းရာ သိမ်ဖြစ်မြောက်ရေး ဘဏ္ဍာရေးမှူး ဦးအုန်းမောင် လက်ခံယူစဉ်။ (ကြေးမုံ)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

* ပြည်ထောင်စုအဆင့်မှ

တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမြင့်ဆွေ၊ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့ပါဝင်သော အဖွဲ့နှင့် KIO ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်၊ အမြဲတမ်း KIO ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် KIO ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးလဖိုင်လ၊ ဦးဂျိုးနောင်၊ ဦးလဂျောင်ခေါင်လွမ်း၊ ဦးအင်ဂန်းဇော်ခွမ်၊ ဦးခွန်နောင်၊ ဦးလဖိုင်ဇော်ရော်၊ ဦးမရန်ဇော်တောင်တို့နှင့် ဦးဆွတ်အောင်မြတ်၊ ဦးနော်ဘူ၊ ဦးဆင်းခေါ၊ ဦးနော်ထွဲတို့ ပါဝင်သောအဖွဲ့သည် ဒေသတွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်အဖွဲ့များသည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဇန်နဝါရီ ၁၈ ရက် ညပိုင်းတွင် နှစ်ဖက်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ဝင်များသည် ရင်းနှီးခင်မင်စွာဖြင့် ညစာအတူတကွသုံးဆောင်ကြသည်။

ဇန်နဝါရီ ၁၉ ရက် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်ရန်နှင့် စစ်မက်အရှိန်များ လျှော့ချနိုင်ရန်အတွက် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ယင်းထုတ်ပြန်ချက်အပြည့်အစုံမှာ-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရတည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်ရှေးရှု၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၁၈)ရက်နေ့နှင့် (၁၉)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံခဲ့ကြပါသည်။

(၂) နိုင်ငံတော်အစိုးရနှင့် KIO တို့သည် နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြမည် ဖြစ်ပါသည်။

(၃) ဆွေးနွေးကြသည့် အကြောင်းအရာများကို ပြည်သူအများသိစေရန် မှန်ကန်သောသတင်းများ ထုတ်ပြန်သွားမည်။

(၄) စစ်ရေးအရှိန်များကို ထိန်းသိမ်းသွားနိုင်ရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိ နှစ်ဖက်တပ်များကိုစွာအား ညှိနှိုင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်ဟူ၍ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

၁၉-၁-၂၀၁၂

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်ရှိ အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရပ်မိရပ်ဖများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မူလတန်းကျောင်း လျှပ်စစ်မီးလင်းရေးအတွက် တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးနှင့် ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က ငွေကျပ်တစ်သိန်းစီ၊ တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းက အမှတ်(၁၄)ရပ်ကွက်ရှိ ဘုန်းကြီးကျောင်း ခုနစ်ကျောင်း ဆွမ်းဆန်တော်အတွက် ငွေကျပ်တစ်သိန်း၊ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း ပညာရေးပဒေသာပင်အတွက် မင်္ဂလာ ဆန်စက်ပိုင်ရှင် ဦးမြင့်သန်းနှင့်ဇနီး ဒေါ်ဟိုက်ဝေးမိသားစုနှင့် ကွန်းအဏ္ဏဝါ ရေလုပ်ငန်းပိုင်ရှင် ဦးခင်ဝင်းအောင်နှင့်ဇနီး ဒေါ်မြင့်မြင့်ထွေးတို့က ငွေကျပ်တစ်သိန်းစီ၊ ပြည့်ဝနေဆန်စက် ပိုင်ရှင် ဦးတင်အောင်ထွန်း မိသားစု၊ ဒံပေါက်လုပ်ငန်းပိုင်ရှင် ဦးဟန်မြင့်၊ ရပ်မိရပ်ဖ ဦးမျိုးဝင်းနှင့် ဦးအောင်ကျော်မင်း မိသားစု၊ ရပ်မိရပ်ဖ ဦးလှသန်းနှင့် ဦးခင်ဇော်မိသားစုတို့က ငွေကျပ်ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော ပုသိမ်မြို့ကို မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပုသိမ် မြို့တွင်း လမ်းများကိုလည်း ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင်မူဝါဒများ ချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အတူ ဒေသခံပြည်သူများကပါ အတူတကွပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက်က ဒေါ်ဒေစီကျော်လင်း၊ ဒေါ်တင်ရီနှင့် အလှူရှင်များက မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ဒဏ်ရာရရှိခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦး စုစုပေါင်း ၄၂ ဦးတို့အတွက် လှူဒါန်းငွေကျပ် ၁၄၀၁၀၀၀ ကို တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Douglas Harvey Monro Gibson လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Douglas Harvey Monro Gibson သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် တောင်အာဖရိက နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Mizuho Corporate Bank Ltd. အထွေထွေမန်နေဂျာနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Mizuho Corporate Bank Ltd. အထွေထွေမန်နေဂျာ Mr. Katsuyuki Mizuma နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ Mizuho Corporate Bank နှင့် မြန်မာနိုင်ငံဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းကိစ္စများကို ဆွေးနွေးပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက Mizuho Corporate Bank သို့ မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံး (Representative Office)ဖွင့်လှစ်ခွင့် လိုင်စင်ပေးအပ်သည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Mizuho Corporate Bank Ltd. အထွေထွေမန်နေဂျာ Mr. Katsuyuki Mizuma နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၁၉

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ကွန်ပျူတာတက္ကသိုလ်(ပြည်)စုဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဟောပြောပွဲတွင် ကွန်ပျူတာတက္ကသိုလ်(ပြည်)ကျောင်းအုပ်ဆရာမကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မိုးပွင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(ပြည်) ဦးစီးမှူး ဦးသိန်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့် ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ပြည်ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်ဝင်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ ပြည်ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူး မြတ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် လမ်းညွှန်အမှတ်အသားများ၊ ပြည်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ကျော်ဌေးက မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများကို ရှင်းလင်းဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုကိုမောင်ကြီး၏ ပြောမဆုံးနိုင်သော နိုင်ငံရေးအကြောင်းစာအုပ်ထွက်ရှိ

ခေတ်အဆက်ဆက် နိုင်ငံရေးသုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးကို စတင်ခဲ့သော Y.M.B.A အသင်း၊ G.C.B.A အသင်း၊ ဒို့ဗမာအစည်းအရုံးတို့၏ နိုင်ငံရေးဆောင်ရွက်ချက်များ၊ သခင်သန်းထွန်း၏ နိုင်ငံရေးအယူအဆများ စသည်ဖြင့် ကိုယ်တိုင်သိမြင်ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအတွေ့အကြုံများကို ကိုကိုမောင်ကြီးက "ပြောမဆုံးနိုင်သော နိုင်ငံရေးအကြောင်း" စာအုပ်ဖြင့် ပြောပြထားသည်။

"ပါတီထောင်မည်ဆိုလျှင်" ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံရေးပါတီများအတွက် ဗဟုသုတရဖွယ်များကို ဖော်ပြထားသည်။ ထို့မှုမက နိုင်ငံရေးဆင်ခြင်တုံတရားနှင့် ပတ်သက်တွေးခေါ် မြော်မြင်ပုံတို့ကိုလည်း ဖော်ပြထားသည်။ ယနေ့နိုင်ငံရေး လုပ်ငန်းများကို စိတ်ဝင်စားကြသည့် လူငယ်များ၊ လက်ရှိပါဝင်လှုပ်ရှားနေသူများအတွက် ကိုယ်တိုင်ကြုံတွေ့ခဲ့သည်များကို လက်ဆင့်ကမ်းထားသော စာအုပ်ဖြစ်သည်။

သီရိမြန်မာစာပေမှ ပထမအကြိမ်အဖြစ် ထွက်ရှိလာခြင်းဖြစ်ပြီး စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ငါ့ဘဝ ငါသာသခင် ငါသာဘုရင် စာအုပ်ထုတ်ဝေ

The bookhouse စာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသော THE REAL LIVES, REAL STORIES- Volume 6 ကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ ဘာသာပြန် စာရေးဆရာ မောင်ပေါ်ထွန်း၏ ငါ့ဘဝငါသာသခင် ငါသာဘုရင်၊ ဒေါက်တာစောဆိုင်မွန်သာ၏ ဘဝဖြတ်သန်းမှု၊ သမီးမြတ်ကျော်ရဲ့ နှင်းဆီတစ်ပွင့်၊ ဘဝကိုယုံကြည်စွာတည်ဆောက်ခဲ့သူ မျက်မမြင်တစ်ယောက်၊ မမေ့နိုင်သော တိုးရစ်(စ်)နှစ်ဦး၊ အသက် (၇၀)ကျော် HIV အဘိုးအို၊ တေးရေးကိုနေဝင်း၏ ကောက်ကြောင်း၊ ထိန်ပင်အမှိုက်ပုံကြားကဘဝ၊ Leprosy မိသားစု၊ ထောင်တွင်းက သေဒဏ်သမားတစ်ယောက်ရဲ့ဖြစ်ရပ်မှန်များကို တင်ဆက်လိုက်သည်။

ဆရာဝန့်ဘက်က ရှေ့နေလိုက်မယ်နဲ့ ဓာတ်မှတ်စုတိုများ စာအုပ်ထွက်ရှိ

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်အထူးကု ဆရာဝန်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည်ဟု စာအုပ်ပါ ကိုယ်ရေးရာဇဝင်တွင် ဖော်ပြထားသော စာရေးဆရာ ငွေစန်းရောင်၏ ဆရာဝန့်ဘက်က ရှေ့နေလိုက်မယ်နဲ့ ဓာတ်မှတ်စုတိုများစာအုပ်ကို လက်တွဲဖော်စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အင်တာနက်ပေါ်တွင် တင်ဆက်ခဲ့စဉ်က စာဖတ်သူများ၏ တုံ့ပြန်ချက်များကိုလည်း ထည့်သွင်းထားပြန်ရာ ဆေးလောက၊ ဆရာဝန်လောကနှင့် ပတ်သက်သော အတွင်းရေးများကို ပိုမိုပြည့်စုံစွာ သိရှိလာနိုင်သည်။ စာအုပ်ကို လက်တွဲဖော်စာအုပ်တိုက် စာတိုက်သေတ္တာအမှတ်(၂၆၉) ရန်ကုန်စာတိုက်ကြီး ဖုန်း-၀၁-၇၀၆၅၇၄ က တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန်

အလင်းသစ်စာတည်းအဖွဲ့၏ အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် (အထွေထွေဗဟုသုတ၊ မြန်မာစာ)စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ စာမေးပွဲဖြေဆိုမည့်သူများသည် ဘာသာရပ်အလိုက် မေးလေ့မေးထရှိသည့် မေးခွန်းများ၏ ဘောင်နယ်နိမိတ်အထိ ခြုံငုံသိရှိလေ့လာထားရန်အတွက် အချိန်တိုအတွင်း အကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားခြင်းဖြစ်သည်။

အလင်းသစ်စာပေ တိုက်(၆)အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။ အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၂ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ဝိနောပမ္မသုတ် အနှစ်ချုပ်" တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာ ဘိဝံသ)
၆း၃၀ ဓမ္မစကြာ တရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၅)**
၈း၄၅ The Shop Around The Corner (Part-4)
၈း၅၅ Life & Dance 10th Anniversary Dance Concert (Part-4)
၉း၄၀ ဦးထိပ်ပန်ဆင် ဆရာသခင် ဂုဏပူဇာမင်္ဂလာသဘင် စီးပွားရေးတက္ကသိုလ် (၁၉၆၇-၇၀/၇၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ)
၉း၅၅ Activities In The City
၁၀း၁၀ အလက(၃)မြောက်ဥက္ကလာရဲ့ အာစရိယပူဇော်ပွဲ
၁၀း၂၅ ဇာတိမြေအလှူ
၁၀း၄၀ ဟိန်းထက်မိုး၏သာသနာ့အမွေ. . . မန္တလာမြေမှာ. . . သာခုဝေ
၁၁း၀၀ New Star Gems & Jewellery Show (Part-2)
၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၀)**
၁၂း၂၅ မန္တလေးမြို့ ရှေ့နေကြီးများ မိသားစုမဟာဘုံကထိန်တော်
၁၂း၃၅ ရောဝတီ၏အလှသစ်
၁း၀၀ "ဝိနောပမ္မသုတ် အနှစ်ချုပ်" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာ ဘိဝံသ)
၁း၅၀ ကြည်ညိုပူဇော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာ့သစ်လုပ်ငန်း၏သက်ကြီး ဆရာများ ပူဇော်ကန်တော့ပွဲ
၂း၄၀ သန့်ရှင်းလတ်ဆတ်အရသာမှန်
၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၉၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၅)**
၄း၅၀ ဒုံယိမ်းအကနှင့်နွဲ့ပျော် ပုသိမ်မြို့ရဲ့ ကရင်နှစ်သစ်ကူးပွဲတော်
၅း၁၀ Fashion Week
၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၀)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၃)**
၇း၁၅ New Star Gems & Jewellery Show (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Style ရှိမှ Star ဖြစ်မယ်
၉း၂၀ The Shop Around The Corner (Part-5)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၆)**
၁၀း၂၀ Movie Talk
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၁)**
၁၁း၁၀ အနုပညာမိုးကောင်းကင်
၁၁း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁၂း၀၀ Intellectual Talk
၁၂း၄၀ လက်ဝယ်ရှိသော
၁၂း၅၅ World of Knowledge
၁း၄၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁း၅၀ ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက် အလေးထား
၂း၁၀ **ဘယ်သူ့အတွက်လဲ** (ဝေဠုကျော်၊ ဆုပန်ထွာနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဇမ္ဗူထွန်းသစ်လွင်)
၂း၄၀ စွဲမက်ဖွယ်ရာရတနာ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဒို့တိုင်းဌာနီဧရာဝတီ
၄း၂၀ မန္တလာမြေမှ ရွှေမင်းသမီး
၄း၃၀ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၄း၄၀ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၄း၅၀ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
၅း၀၀ အစီအစဉ်ပြီး။

ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၂ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် နေပြည်တော် ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စက်မှုဝန်ကြီးဌာနအသင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ညနေပိုင်းပွဲစဉ်များတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိသွားကြပြီး ဇန်နဝါရီ ၂၀ ရက်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

3rd Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်၍ ဂျပန်ကုန်သည်ကြီးများအသင်း (ရန်ကုန်) (JCCY)၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးဝင်းဇော်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌက ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော JCCY မှ အမှုဆောင် Mr. Shigeo Hana တို့အား ပြိုင်ပွဲအထိမ်းအမှတ်လက်ဆောင်များပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အလက(၂)ဒဂုံ၊ အထက(၄) မင်္ဂလာတောင်ညွန့်နှင့် အထက(၃) မင်္ဂလာတောင်ညွန့်တို့မှ တာဝန်ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများက ကရာတေးဒို နည်းစနစ်သရုပ်ပြသ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ မြန်မာနိုင်ငံတွင် Karatedo Technical Seminar Course ကို လာရောက်ပြသသည့် Mr. Fujikiyo Omura (7th Dan. JKAW/F Asia Oceania Director နှင့်အဖွဲ့က သရုပ်ပြသ၍ ပြိုင်ပွဲပထမနေ့ပွဲစဉ်များကို စတင်ကျင်းပသည်။

ပြိုင်ပွဲအား မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ငူခရိုင်ကျေးလက်ဒေသ မှုခင်းပညာပေးဟောပြော

ရေတာရှည် ဇန်နဝါရီ ၁၉

ကျေးလက်ဒေသများတွင် မှုခင်းဖြစ်ပွားမှုလျော့ကျစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က Crime Free Month မှုခင်း ကင်းမဲ့ကာလအတွင်း မှုခင်းပညာပေးဟောပြောပွဲများကို ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ စည်ပိုင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းစိန်က လောင်းကစားမှုများ ပပျောက်ချုပ်ငြိမ်းရေးနှင့် ပြစ်မှုကြီးများ လျော့နည်းကျဆင်းရေး ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရေတာရှည်မြို့နယ် မြို့နယ်တရားသူကြီး ဦးညွန့်လင်းက တရားဥပဒေကို လေးစားလိုက်နာဆောင်ရွက်ရေး၊ လောင်းကစားမှုများနှင့် နောက်ဆက်တွဲ ဆိုးကျိုးတို့ကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ချိုချိုထားက အမျိုးသမီးများ လိင်အကြမ်းဖက်မှုကျဆင်းရေး၊ လူကုန်ကူးမှုများနှင့် ဥပဒေအကြောင်းအရာများ၊ ယာဉ်မတော်တဆမှုများတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းစိန်နှင့် မြို့နယ်တရားသူကြီး ဦးညွန့်လင်းတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ စည်ပိုင်းကျေးရွာ၊ ရှမ်းစုကျေးရွာတို့မှ ပြည်သူလူထု ၄၀၀ ကျော် တက်ရောက်ခဲ့သည်။ (၅၇၈)

❍ ကျောဖုံးမှ

ရရှိသွားပြီး ၎င်းဇာတ်ကားသည်လည်း အကောင်းဆုံးဟာသဇာတ်မြူး (Best Comedy)ဇာတ်ကားဆုကို ဆွတ်ခူးရရှိသွားသည်။ အလွမ်းအသောဇာတ်ကားတွင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဗြိတိသျှဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ ဇာတ်ရုပ်ကို ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သည့် The Iron Lady ဇာတ်ကားမှ အသက်(၆၂) နှစ်ရှိ မင်းသမီးကြီး မာရီးလ်စထရိ(ပ်)က ဆွတ်ခူးရရှိသွားသည်။ ဟာသဇာတ်မြူးတွင် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို My Week with Marilyn ဇာတ်ကားမှ အသက်(၃၁)နှစ်ရှိ မင်းသမီး မစ်ချယ်လီဝီလျံက ရရှိသွားပြီး ဝီလျံက ၎င်း၏ ရွှေစင်ရုပ်တုကို ခြောက်နှစ်အရွယ် သမီးလေး မာတီလ်ဒါလဒ်ဂါအတွက်ပါဟု ဆိုသည်။

(၆၉)ကြိမ်မြောက် ရွှေကမ္ဘာလုံးရုပ်ရှင်ဆုပေးပွဲတွင် အကောင်းဆုံးဒါရိုက်တာဆုကို Hugo ဇာတ်ကားဖြင့် ဒါရိုက်တာ မာတင်စကော်စီဆီက ရရှိသွားပြီး အကောင်းဆုံး ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းဆုကို အဆိုတော် မက်ဒေါနား ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် W.E ဇာတ်ကားမှ Masterpiece တေးသီချင်းက ရရှိသွားခဲ့သည်။ ၎င်းသီချင်းကို အဆိုတော် မက်ဒေါနားသီဆိုခဲ့ခြင်းဖြစ်ပြီး ဆုပေးပွဲအခမ်းအနားတွင် မက်ဒေါနားက ကျေးဇူးတင် စကားပြောကြားရာ၌ မိမိ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားမှ အကောင်းဆုံးဇာတ်ဝင်တေးသီချင်းဆု ရရှိခဲ့သည့်အတွက် အံ့သြဝမ်းသာဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားသည်။

အကောင်းဆုံး နိုင်ငံခြားဘာသာ ဇာတ်ကားဆုကို အီရန်ရုပ်ရှင်ကား A Separation ဇာတ်ကား၊ အကောင်းဆုံး ဟာသရုပ်သံဇာတ်ကားဆုကို Modern Family ဇာတ်ကား၊ အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲ(Drama)ဆုကို Homeland ဇာတ်လမ်းတွဲနှင့် အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲ (Mini-Series) ဆုကို Downton Abbey ဇာတ်လမ်းတွဲက ရရှိသွားသည်။

ရုပ်မြင်သံကြားဇာတ်လမ်းအကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုကို Luther ဇာတ်ကားမှ မင်းသား အိုင်ဒရစ်အီလ်ဘာက ရရှိသွားပြီး အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို Mildred Pierce ဇာတ်ကားမှ မင်းသမီး ကိတ်ဝင်းစလက်က ရရှိသွားသည်။ **အင်တာနက်။**

တရားဥပဒေအကြောင်း သိကောင်းစရာ

မှုခင်းများလေ တရားစောင့်စေ

ဦးဟန်ညွန့်(ဥပဒေ)

မှုခင်းများ

မကြာသေးမီက နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များတွင် မှုခင်းသတင်းအချို့ကို ဖတ်ရှုခဲ့ရသည်။ မြို့လယ်ကောင်တွင် ရက်ရက်စက်စက်ဖြစ်ပွားခဲ့သော လူသတ်မှု၊ မြောက်ဥက္ကလာဘက်က ထူးထူးခြားခြား မျက်နှာဖုံးစွပ် လူသတ်မှု၊ တစ်ဦးမျှသာမက ဂိုဏ်းဖွဲ့ပြီး လူအုပ်ဖြင့် ငွေပေး၍ အသတ်ခိုင်းမှု၊ ကျောက်ပန်းတောင်းဘက်က နိုင်ငံခြားခရီးသွားမလေး အသတ်ခံရမှု၊ သည့်အပြင် မထင်မှတ်သော မှုခင်းများ၊ ခိုးမှု၊ အလွဲသုံးစားမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှု စသည်ဖြင့် မဖတ်မိသော အခြားမှုခင်းများလည်း ရှိနိုင်သေးသည်။

ယာဉ်တိုက်မှု

မှုခင်းအားလုံးထဲတွင် ယာဉ်တိုက်မှုက ပိုများနေပြန်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉၅၆၃ မှုဖြစ်ခဲ့သည်။ ၁၆၇၄၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၇၃၀ ဦးသေဆုံးခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးကျပ် ၁၆၅၂ ဒသမ ၅ သန်းရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် ၁၄၅၆၉ ဦး သေဆုံးခဲ့ပြီး လူပေါင်းတစ်သိန်းကျော် ဒဏ်ရာရခဲ့ပြီ။ ယာဉ်စီးရေမှာ ၂၀၀၀ ပြည့်နှစ်တွင် လေးသိန်းကျော်ဖြစ်မှုကျူးလွန်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ယာဉ်စီးရေ နှစ်သန်းကျော်အထိ တိုးမြင့်ကာ ပြစ်မှုကျူးလွန်ခဲ့ပေပြီ။

အမှားနှင့် အမှန်

"မည်သူကအမှား၊ မည်သူက အမှန်"ဆိုသည်ကို အငြင်းပွားရန် မဟုတ်တော့ပါ။ သေသူက သေခဲ့ပြီ။ ပျက်စီးသည်က ပျက်စီးခဲ့ပြီ။ ခံရသူက ခံရခဲ့ပြီးပြီ။ တန်ဖိုးငွေတွေလည်း ဆုံးရှုံးခဲ့ပြီ။ နိုင်ငံတော်လည်း အကျိုးမရှိ။ ပြည်သူလည်း အကျိုးနတ္ထိ။ ဘယ်သူ့ဘယ်သူမှ အကျိုးမပြု ကောင်းကျိုးမပေးသောမှုခင်းများ တိုးပွားလာခြင်းကား မရှုဆိတ်စရာသာဖြစ်ပါချေ၏။ အမှားကို အမှန်ထင်၊ အမှန်ကိုအမှားထင်နေကြလျှင်ဖြင့် ဇာတ်သိမ်းကောင်းကြမည်မဟုတ်ပေ။ တွေးလေတွေးလေ ရင်လေးစရာပေ။

အခြေခံမှု

ယနေ့နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပါ၏။ ပြည်သူအပေါင်းနှစ်ထောင်းအားရ "တည်ဆောက်" ယူကြရသော နိုင်ငံတော်ဟုဆိုလျှင်လည်း မမှားပါ။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အခြေခံမှုတစ်ရပ်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း ပြည်သူအပေါင်း သိပြီးဖြစ်ပါ၏။ မျိုးချစ်စိတ်ထက်သန်ဖို့ အတွေးအခေါ်မှန်ဖို့၊ ဗလငါးတန်ဖွံ့ဖြိုးဖို့လည်း လိုအပ်ပါ၏။

သီလရှိဖို့

လူတိုင်းသီလရှိဖို့ လိုမည်ဖြစ်ပါ၏။ မြန်မာလူမျိုးသည် အကျင့်သီလနှင့်ပြည့်စုံသူ၊ ဘာသာသာသနာကို လေးစားသူ၊ တရားဥပဒေစောင့်ထိန်းသူ၊ စည်းကမ်းရှိသူအဖြစ် ဂုဏ်သတင်းကြီးပါ၏။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ တရားဥပဒေကို လေးစားလိုက်နာကြပါ၏။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကိုယ်ကျင့်တရားကောင်းမွန်ရေး စသည်များကိုလည်း အလေးထားကြပါ၏။

ဒေါသ

"မီး" သည် ပူ၍ "ရေ" သည်အေးမြပါ၏။ ထို့အတူ **ဒေါသ**သည် ပူ၍ **မေတ္တာ**သည် အေးမြပါ၏။ ဒေါသကြီးခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်လိုက်မာန်ပါပြုခြင်း၊ အော်ဟစ်ခြင်း၊ ဆဲဆိုခြင်း၊ ရိုက်ပုတ်ခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းများသည် ရာဇဝတ်မှုများ၏ အမိုက်အမှောင်များပင်ဖြစ်ပါ၏။ တစ်ခဏအတွင်း မှုခင်းဖြစ်သွားနိုင်ပါ၏။ တစ်ခဏအတွင်း လူသေ၊ မီးလောင်၊ ပျက်စီးဆုံးရှုံးသွားနိုင်ပါ၏။ ဖြစ်ပြီးမှ၊ ပျက်ပြီးမှ နောင်တရတတ်ပါ၏။ ထိုအခါ မီးကို ရေနှင့်ငြိမ်းရတတ်ပါ၏။ နောက်ကျသွားတတ်ပါ၏။ ပြုသူရော ခံရသူပါ အကျိုးမပြုပါ။ ဒေါသကို မေတ္တာဖြင့်ကုရမည်သာ။ မီးကိုရေနှင့် ငြိမ်းကြပါမှ ငြိမ်းမည်သာ။

တရားဥပဒေ

တရားဥပဒေသည် လောကကျင့်ဝတ်ဖြစ်ပါ၏။ ဓမ္မကျင့်ဝတ်ဟူ၍လည်း ခေါ်ဆိုနိုင်ပါ၏။ လောကကြီးအတွက်၊ တရားမျှတမှုအတွက် စောင့်ထိန်းရမည့် ကျင့်စဉ်များဖြစ်ပါ၏။ လူ့ဘောင်လောက တည်ငြိမ်ဖို့၊ အေးချမ်းဖို့၊ သာယာဖို့၊ အများအတွက် ပြဋ္ဌာန်းထားသော စည်းကမ်းများဖြစ်ပါ၏။ မျှတသော ကျင့်စဉ်တရားများလည်းဖြစ်ပါ၏။ အုပ်ချုပ်သူက ပြဋ္ဌာန်း၊ လိုက်နာသူကစောင့်ထိန်း၊ အုပ်ချုပ်သူရော၊ ပြဋ္ဌာန်းသူပါ အပြန်အလှန်ထိန်းကျောင်း စောင့်ထိန်းခြင်းမည်ပါ၏။

တရားဥပဒေအထက်တွင် မည်သူမျှမရှိရပါ

တရားဥပဒေဟူသည်လိုက်နာသူအတွက်သာမဟုတ်၊ ပြဋ္ဌာန်းသူလည်း လိုက်နာရသော၊ အများနှင့်သက်ဆိုင်သော တရားဥပဒေဖြစ်ပါ၏။ တရားရေးမဏ္ဍိုင်ခိုင်မာဖို့ အားလုံးဝိုင်းဝန်းလုပ်ဆောင်နေကြပြီဖြစ်ပါ၏။ မှုခင်းကျဖို့ တရားဥပဒေလိုက်နာရန်လိုအပ်ပါ၏။

တည့်မတ်သောတရားရေးမဏ္ဍိုင်

နိုင်ငံတော်တည်ငြိမ်ရေးအတွက် တည့်မတ်သော တရားရေးမဏ္ဍိုင်ဖြင့် ထိန်းကျောင်းပါ၏။ မယိမ်းမယိုင်ဖြစ်ဖို့ တာဝန်ရှိသူများ ပြန်လည်စစ်ဆေး၊ ကြပ်မတ်ပေးရမည်ဖြစ်သကဲ့သို့ ပြည်သူအပေါင်းကလည်း ပါဝင်ဆောင်ရွက် အကဲဖြတ်ကြပါ၏။ ကိုယ့်တာကိုယ်လုံဖို့ အရေးကြီးလှပါ၏။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရဲအရာရှိ၊ ရှေ့နေ၊ သက်သေ စပ်ဆိုင်သူမှန်သမျှ ဝိုင်းထိန်းကြရမည်သာ။ တစ်ဦးတစ်ယောက်တည်းထိန်း၍ မဖြစ်။ အများညီမှ ဖြစ်၏။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်ရေးအတွက် တာဝန်ရှိဝန်ထမ်းများက သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါ၏။ ပြည်သူများကလည်း တရားရေးမဏ္ဍိုင်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပါနေသည်ကို မမေ့အပ်ပါ။

တရားစွဲအဖွဲ့အစည်းကို ပုံမချနှင့်

"မှုခင်းတွေများတာ ရဲတပ်ဖွဲ့ကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်၊ တရားစွဲအဖွဲ့အစည်းက အားနည်း၍၊ တရားသူကြီး လာဘ်စား၍၊ ဥပဒေဝန်ထမ်းတာဝန်မကျေ၍၊ သက်သေက လိမ်ထွက်၍၊ ရှေ့နေက ငွေရ၍၊ ဘယ်သူက၊ ဘယ်ဌာနက မပံ့ပိုး၍၊ အုပ်ချုပ်သူက တာဝန်မယူ၍" စသည်ဖြင့် အပြစ်ပုံမချပါနှင့်။ အပြစ်မပြောကြပါနှင့်။ စုပေါင်းတာဝန်ရှိသည်၊ စုပေါင်းတာဝန်ခံရမည်သာဖြစ်ပါ၏။ အေးအတူ၊ ပူအမျှ အတူတကွ လက်တွဲကြရမည်သာဖြစ်ပါ၏။

ထိရောက်ဟန့်တားသော ပြစ်ဒဏ်

မှုခင်းအကြီးကြီး ကျူးလွန်သူကို ပြစ်ဒဏ်ကြီးကြီး ချမှတ်သင့်သည်။ ပြစ်မှုနှင့် ပြစ်ဒဏ် ထိုက်တန်ဖို့လိုသည်။ ဆိုဆုံးမရုံဖြင့် ပြန်လွှတ်၊ ပညာပေးရုံဖြင့် ပြန်လွှတ် သည်လိုဆိုလျှင် ပြစ်မှုကျူးလွန်သူတွေက ဂရုမူ အလေးထားမည်မထင်။ ထပ်တလဲလဲပင် ပြစ်မှုကျူးလွန်နေဦးမည်။ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှ တော်ကာကျမည်။ တရားသူကြီး သတိထားသင့်သည်။ ဥပဒေအရာရှိ သတိမမေ့နှင့်။ ရှေ့နေ ရှေ့ရပ်မပြတ် ဂရုပြုပါ။ တရားလို- တရားခံများ အငြင်းမပွားကြနှင့်။ တရားဓမ္မ၏ အဆုံးအမကို မျှတစွာ ခံယူကြပေရော့။ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ပေးရသလားဟု ဒေါမနဿ မပွားကြစေလို။ နောင်ကြဉ်ဟန့်တားသော ပြစ်ဒဏ်ချမှ တော်ကာကျပေတော့မည်။

ပညာပေးခြင်း

တရားဥပဒေစောင့်ထိန်းရေးပညာပေးကြရမည်။ **ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး**ဟူသောမူသည် တရားစီရင်ရေးဆိုင်ရာမူများထဲမှ မူတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ တရားသဘောများကို ပြည်သူများနားလည်အောင်၊ လိုက်နာအောင်၊ ကျင့်သုံးလာအောင် ဆိုင်ရာတို့က ပညာပေးရမည်။ လိုက်နာသော အလေ့အကျင့်ကိုလည်း ပျိုးထောင်ပေးရမည်။ ပျိုးထောင်ပါလျက် တရားပျက်လျှင်မူ တရားဥပဒေ၏ အဆုံးအမခံရပေမည်။

မသိပါဆိုရုံမျှဖြင့်

"ဥပဒေပြဋ္ဌာန်းထားသည်ကို မသိပါဆိုရုံမျှဖြင့် အပြစ်ကကင်းလွတ်ခွင့်မရနိုင်"(Ignorance of Law is No Excuse) ဟူသော ဆိုရိုးစကားကို အများသိကြပါ၏။ ၎င်းသို့ဆိုလျှင် တရားဥပဒေများကို လေ့လာကြရပါမည်။ သိကြရပါမည်။ ပညာပေးသူကပေး၊ ပညာယူသူက ယူကြရပါမည်။ မှုခင်းကျဆင်းရေး ကြိုးပမ်းပေးကြရပါမည်။ **မှုခင်းတက်၍ စိတ်မပျက်ကြပါနှင့်။**

တင်ပြချက်

"မှုခင်းများလေ တရားစောင့်စေ" မှုခင်းကျလေ တရားရစေ"၊ "တရားဥပဒေစိုးမိုးလေ ရပ်ရွာအေးချမ်းစေ" ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

ဗန်ပါစီ၏သား အသက်ငါးနှစ်အရွယ် ရှာကီးလ်နှင့် အာဆင်နယ်အသင်းစာချုပ်လို

လန်ဒန် ဇန်နဝါရီ ၁၉

အာဆင်နယ်အသင်းသည် အနာဂတ်ဗန်ပါစီဖြစ်လာမည့် ဗန်ပါစီ၏သား အသက်ငါးနှစ်အရွယ် ရှာကီးလ်နှင့် စာချုပ်ချုပ်ဆိုလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အနာဂတ်တွင် တောက်ပလာနိုင်သည့် လူငယ်လေးများကို မြေတောင်မြှောက်ပေးပြီး အသင်းတွင် နေရာပေးကာ အောင်မြင်ထင်ရှားသော ကစားသမားဖြစ်အောင် မွေးထုတ်ပေးရာတွင် သမ္မာအရှိဆုံးနည်းပြကြီးဖြစ်သည်။ ထို့ကြောင့် ဝင်းဂါးအနေဖြင့် ခြေစွမ်းခြေစရှိသည့် ဗန်ပါစီ၏သား ရှာကီးလ်ကို စာချုပ်လိုနေသည်။

ထို့ပြင် ဗန်ပါစီ၏သား ရှာကီးလ်နှင့် စာချုပ်ချုပ်ဆိုလိုက်ခြင်းအားဖြင့် အသင်း၏ တိုက်စစ်မှူး ဗန်ပါစီကိုပါ ရေရှည်စာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ခြင်းကြောင့် ဝင်းဂါး၏ အကြံအစည်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ကဲ့သို့ ထိရောက်မှုရှိလာမည် ဖြစ်သည်။ ယခုလက်ရှိ ဗန်ပါစီနှင့် အာဆင်နယ်တို့ ချုပ်ဆိုထားသည့်စာချုပ်မှာ ၁၂ လ ကျန်ရှိနေသေးပြီး ဗန်ပါစီအနေဖြင့်လည်း စာချုပ်သစ်ချုပ်ဆိုရန် ဆိုင်းငံ့ထားသည်။ ၎င်းအား ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ယင်းအတွက်ကြောင့် ဝင်းဂါးအနေဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်လာခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

(ဟိန်းထက်လင်း)

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့ဝင်များသည် KIO ကိုယ်စားလှယ်အဖွဲ့နှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန်အတွက် ဇန်နဝါရီ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ကျင်းချိန်ဟိုတယ်၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ခန်ဆိုင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းသိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**

၂၀၁၂ အိုလံပစ်ပြိုင်ပွဲတွင် ဗြိတိန်အသင်းကိုယ်စားပြုအဖြစ် ဘက်ခမ်းနှင့် ဂျိုင်ယန်ဂစ်တို့ ပါဝင်လာဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၉

၂၀၁၂ အိုလံပစ်ပြိုင်ပွဲတွင် ဗြိတိန်အသင်းကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူများစာရင်းတွင် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းနှင့် မန်ယူကွင်းလယ်ကစားသမား ရိုင်ယန်ဂစ်တို့ ပါဝင်လာခဲ့သည်။

အက်ဖ်အေသည် ပြီးခဲ့သည့်လအတွင်းက ကစားသမား ၁၉၁ ဦးထံ အကြောင်းကြားစာများပေးပို့ခဲ့သည်။ ယင်းစာကို ရရှိသည့် ကစားသမားများအနေဖြင့် လန်ဒန်အိုလံပစ်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲလိုပါက အက်ဖ်အေအဖွဲ့ထံ စာပြန်စရာမလိုဘဲ မပါဝင်လိုမှသာ အကြောင်းကြားစာပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အဆိုပါ ကစားသမား ၁၉၁ ဦးအနက် ခုနစ်ဦးသာ မပါဝင်လိုကြောင်း စာပြန်ခဲ့ပြီး ၎င်းတို့ထဲတွင် ဘက်ခမ်းနှင့် ဂစ်တို့မပါဝင်ခဲ့ပေ။

ယင်းကိစ္စနှင့်ပတ်သက်၍ ဗြိတိန်အိုလံပစ်အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒါရိုင်းဆီဘယ်လ်က ဘက်ခမ်းမှာ အိုလံပစ်ပြိုင်ပွဲဝင်ရန် ယခင်ကတည်းက ထုတ်ဖော်ပြောဆိုခဲ့ပြီးဖြစ်သော်လည်း ဂစ်မှာမူ ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ သို့သော် အိုလံပစ်ပြိုင်ပွဲဝင်ရန် စိတ်ဝင်စားမှုမရှိသည့် ခုနစ်ဦးစာရင်းတွင် ပါဝင်ခြင်းမရှိသည့်အတွက် အိုလံပစ်ပြိုင်ပွဲကို စိတ်ဝင်စားနေသည်မှာ ပေါ်လွင်နေကြောင်း၊ ယင်းအတွက်ကြောင့် ၎င်းတို့နှစ်ဦးမှာ နည်းပြစတုအတ်ပီရာ့၏ ဗြိတိန်အသင်းတွင် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

မာရီးလ်စထရိ(ပ်)။

ဂျော့ချ်ကလူနေး။

ကိတ်ဝင်းစလက်။

မက်ဒေါနား။

ခမ်းနားသိုက်မြိုက်စွာဆင်နွှဲ ရွှေကမ္ဘာလုံးဆုပေးပွဲ

အောဝမ်းစိုး

ကမ္ဘာတစ်ဝန်းလုံးမှ ရုပ်ရှင်ဝါသနာအိုးများ၊ ရုပ်ရှင်လောကမှ အနုပညာရှင်များ စိတ်ဝင်တစား မျှော်လင့်ခဲ့သည့် (၆၉)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆု ရုပ်ရှင်ဆုပေးပွဲအခမ်းအနားကြီးကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) ညနေက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဘာဗလီဟီးလ်တန်ဟိုတယ်၌ စည်ကား သိုက်မြိုက် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

ယင်းဆုပေးပွဲ အခမ်းအနား၌ အလွမ်းအသော ဇာတ်ကားတွင် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကို အသက်(၅၀)အရွယ်ရှိ ဟောလိဝုဒ်မင်းသားကြီး ဂျော့ချ်ကလူနေးက ၎င်းပါဝင်သရုပ်ဆောင်ခဲ့သော The Descendants ဇာတ်ကားဖြင့် ရရှိသွားသကဲ့သို့ ၎င်းဇာတ်ကားသည် အကောင်းဆုံး အလွမ်းအသော (Best Drama) ဇာတ်ကားဆုကိုလည်း ဆွတ်ခူးရရှိသွားသည်။

မင်းသားကြီး ဂျော့ချ်ကလူနေးသည် ယခုနှစ် ရွှေကမ္ဘာလုံးဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုနှင့် ၎င်း၏ The Ides of March ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသော်လည်း အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု တစ်ခုတည်းဖြင့်သာ ကျေနပ်ခဲ့ရပြီဖြစ်သည်။

ရွှေကမ္ဘာလုံးရုပ်ရှင်ဆုပေးပွဲ၌ ဟာသဇာတ်မြူးတွင် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို The Artist ဇာတ်ကားမှ အသက်(၃၉)နှစ်ရှိ မင်းသား ဂျိန်းဒူဂျာဒင်က **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**